ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၂)ရက် ၊ သောကြာနေ့ ၊ (23-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၆)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု "World's Best Rice -2026" ရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဂုဏ်ပြုပွဲနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် စာမျက်နှာ ၁၆ ကော်လံ ၁

**စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။



## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံအိလျှောမှု ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး မမြရေလှောင်တမံ တမံအောက်ပိုင်း အိလျှောကျမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေ ထောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တမံအောက်ပိုင်း အိလျှောကျမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံ၏ အထက်ဘက်ရေပြင်နှင့် ထိစပ်နေသည့် အပိုင်းမှစ၍ စာမျက်နှာ ၂၇ ကော်လံ ၁ ❑

## ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့သည့် မန္တလေးပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေး

နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများ ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် စာမျက်နှာ ၂၆ ကော်လံ ၁ ❍



၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ဒရုန်းဗုံး နှစ်လုံးကျရောက်ပေါက်ကွဲမှုကြောင့် ၁၁ ကေဗွီ Station Feeder 3Cx95 $mm^2$ Cu Cable ပျက်စီးသွားခြင်းနှင့် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်စစ်ကြောင်းများ၏ ပြည်သူ့အတွက်အောင်ပွဲ

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ မြို့ရွာများကို ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism-Operation) များကို ဆောင်ရွက်လျက်ရှိပေသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလူထုအတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့၊ ရွာများနှင့်ဆက်သွယ်ရေးလမ်းကြောင်းများကို တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-မြစ်ကြီးနားဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကိုလည်း ၂၀၂၆ ခုနှစ် မေ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ အင်းတော်- ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းပေါ်တွင်အခြေပြု၍ ခံစစ်စခန်းငယ်များဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်နေသော အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းများကို ရှင်းလင်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ အဆိုပါလမ်းကြောင်းပေါ်တွင် အခြေပြုစခန်းများဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်နေသော အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းများကို ယခုနှစ် အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၁၈ ရက်အတွင်းရှင်းလင်း၍ ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှပ်ရှပ်ချွံချွံတိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၈ လောင်း၊ လက်နက်မျိုးစုံ ၁၉ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

ယခုအခါ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများက မိမိတို့၏အသက်ကိုပဓာနမထားဘဲ အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက် အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများကို ရှင်းလင်းတိုက်ခိုက်နိုင်သည့်အောင်ပွဲကို ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲကေ ၁၂၈၀ စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**တမူး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲကေ ၁၂၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် စားတော်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၂၅၀၊ တမူးမြို့နယ်တွင် ကေ ၄၃၀ နှင့် ခါမ်းပါတ်မြို့တွင် ကေ ၆၀၀ စုစုပေါင်း ကေ ၁၂၈၀ တို့ဖြစ်ကြောင်း၊ အဆိုပါစားတော်ပဲစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ စားတော်ပဲကေ ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ စားတော်ပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် စားတော်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူကျေးရွာအုပ်စု ရှင်မိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးကချေးငွေထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရှင်မိန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပုသိမ်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ပီလောပီနံဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ပီလောပီနံဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ လက်ရှိ တစ်ရက်လျှင် ပီလောပီနံဥ ပိဿာချိန် ၃၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ ပီလောပီနံဥတွေက ဒေသဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ တစ်ရက်ကို ပိဿာချိန် ၃၅၀၀မှ ၄၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန် နေပါတယ်။ အရောင်းအဝယ် ကောင်းနေတဲ့ ပီလောပီနံဥတွေက အရည်အသွေးကောင်းပြီး ပိုးမွှားအန္တရာယ်လဲကင်းရှင်းပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေလဲ အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးသူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ပီလောပီနံဥများပေါ်ချိန်ဖြစ်ပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပျော်ဘွယ် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းရန်ပုံငွေဖြင့် ဖွဲသင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဖွဲသင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဖွဲသင်းကျေးရွာ၌ လမ်းအရှည် ဖ၁၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၈၄ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၅၆ သန်း စုစုပေါင်းငွေကျပ် ၄၁ ဒသမ ၄သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်အောက်တိုဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ကျွဲဆည်ကန် ၇ လမ်း ၈-၅၁ နေ ဒေါက်တာ ဦးထွဋ်မောင်မောင်-ဒေါ်အိအိပန်းအောင် မိသားစုက မိဘများဖြစ်ကြသော ဦးသိန်းမောင်-ဒေါ်မြင့်မြင့်သိန်းတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၅၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယက ပါမောက္ခဒေါက်တာ ဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၂၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ပဲတီစိမ်း ၁၂၇၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၇၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ငရုတ်သီးနှံ ၇၁၉၃ ဧကထိ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ငရုတ်စိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ငရုတ်သီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် စုစုပေါင်း ကျေးရွာ ၄၈ ရွာမှ ဒေသခံတောင်သူများသည် ငရုတ်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ငရုတ်စိုက် တောင်သူများသည် ငရုတ်သီးနှံကို ဆောင်းရာသီနှင့် နွေရာသီတို့တွင် ပိုမိုစိုက်ပျိုးကြကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ထံမှ သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဝါလကင်းလွတ်သီတင်းကျွတ် ညွှတ်နူးအာရုံလက်ကြာမှုံ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ဆီမီးရယ်က ထိန်ထိန်၊ အိုင်မင်းရေကြည်က၊ ကြာငါးမည်ငုံအာစွင့်တယ်၊ ဖူးပွင့်ခါချိန်။ အဿဝဏီ ယှဉ်ကာချဉ်းပါလို့၊ လင်းလာတဲ့ငွေတာရိန်ငယ်၊ ပြာမှိန်လျက်မြူခြေဆိုင်း။ ဂါရဝေ သက္ကစ္စံ ပဏ္ဏာမေနှင့်၊ သဒ္ဓါခြွေကန်တော့ပွဲကိုလ၊ မစဲပေါင်ကုသိုလ်နှီးကြတယ်၊ မျိုးမြန်မာ့တိုင်း။ ။"**

ဝါလကင်းလွတ် သီတင်းကျွတ် အခါသမယသို့ ရောက်ပြီဆိုမှဖြင့် ဂီတစာဆိုတော်ကြီး ဦးပြုံးချို ရေးစပ်ထားသော "သီတင်းကျွတ်"ဘွဲ့ကို အလိုလို ရွတ်ဆိုနေမိကြပါသည်။

လူကြီးသူမ၊ဆရာမိဘများကို ဂါရဝတရားဦးထိပ်ထား၍ နှစ်စဉ်နှစ်တိုင်း ကန်တော့ကြသည့်လသည် ဝါကျွတ်လဖြစ်သော သီတင်းကျွတ်လဖြစ်နေသောကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ သတိရနေကြလေ့ရှိသည်။

ဝါလကင်းလွတ် သီတင်းကျွတ်မှာ ဆရာမိဘ၊ သက်ကြီးပုဂ္ဂိုလ်များကို ကန်တော့ကြခြင်းနှင့် ပတ်သက်၍ **"ဖိုးသူတော်ဦးမင်း"**က **"ကြာငါးမည် ကြိုင်သင်းလို့လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော် ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်။ ရှိဦးငယ်နှိမ်၊ သုံးကြိမ်ကွယ့်ရိုပျောင်း။ သက္ကစ္စာဂါရဝနဲ့၊ စဉ်အလာပူဇော်ပွဲကို၊ နွဲ့ကြပေတောင်း။"** ဟု စပ်ဆိုခဲ့သည်။

မြတ်ဗုဒ္ဓက မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားခဲ့သည်။ ထိုသို့မြတ်ဗုဒ္ဓက မိခင်ဟောင်းကို ဓမ္မဖြင့်ကျေးဇူးဆပ်ပူဇော်ကန်တော့ခဲ့သည်ကို အထွတ်အထိပ်ထား ခံစားပွားများပြီး သီတင်းကျွတ်လပြည့်နေ့မှာ သက်ကြီးရွယ်အို ဆရာမိဘများကို လူငယ်များက ကန်တော့နေကြခြင်းဖြစ်သည်။ ကာလရွေ့လျားလာသောအခါ သီတင်းကျွတ်လပြည့်နေ့မှာသာမက သီတင်းကျွတ်လတစ်လလုံးမှာပင် ကန်တော့နေကြသည်။

သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာအခါတော်နေ့"**ဟုလည်း သတ်မှတ်ထားသည်။ အဘိဓမ္မာအခါတော်နေ့၏ အင်္ဂါရပ်သုံးရပ်မှာ (၁)မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှာရှိသော မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကိုအမှူးထားပြီး စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်အကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာပြီးဆုံးခဲ့ခြင်း (၂)မြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာကို စန္ဒကူးတောမှာ အဘိဓမ္မာတရားတော်အကျဉ်းကို သင်္ခေပနည်းဖြင့် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးခဲ့ခြင်း (၃)ထိုနည်းတူ ရှင်သာရိပုတ္တရာကလည်း တပည့်ရဟန်းငါးရာကို အဘိဓမ္မာတရားတော် မကျဉ်းမကျယ်ကို ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးဆုံးခဲ့ခြင်းဟူ၍ရှိရာ ထိုအင်္ဂါထူးသုံးရပ်ကြောင့် သီတင်းကျွတ်လပြည့်နေ့ကို **"အဘိဓမ္မာအခါတော် နေ့"**ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

**"ပဝါရဏာပွဲတော်"**ကိုလည်း သီတင်းကျွတ်လပြည့်နေ့မှာပဲ ကျင်းပကြသည်။ ပဝါရဏာ၏ အဓိပ္ပာယ်မှာ **"ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း"**ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် သံဃာတော်အချင်းချင်းဖိတ်ကြားပြီး သိမ်ထဲမှာ စုဝေးကြကာ၊ တစ်ပါးနှင့်တစ်ပါး အပြစ်ရှိလျှင်၊ အပြစ်ကိုမြင်လျှင်၊ ကြားလျှင်၊ အပြစ်ရှိနေသည်ဟု သံသယရှိနေလျှင် ပြောဆိုသတိပေးပါ။ အပြစ်ကို ရှုစားပြီး ကုစားပေးပါဟု သုံးကြိမ်တိုင်တိုင် ဖိတ်ကြားတိုက်တွန်းကြရသည်။ တရားတော်နှင့် မလျော်ညီ၊ ဗီလာပြစ်မှုများရှိနေကြပါက အချင်းချင်းစုပေါင်းဝေဖန်ထောက်ပြမှုကို ခံယူလိုကြသောကြောင့် ဖိတ်ခေါ်သည့်ပွဲ၊ သံဃာတော်အချင်းချင်းရိုင်းပင်းကူညီ စည်းလုံးညီညွတ်မှု ရယူကြသည့်ပွဲကို "ပဝါရဏာပွဲတော်"ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာပွဲတော်"ဟု သတ်မှတ်ထားသည့်အပြင် ဝါလကင်းလွတ် သီတင်းကျွတ်၏ အဓိကအင်္ဂါရပ် (၇)ရပ်ကိုလည်း သီးခြားဝိသေသပြုထားပါသေးသည်။

(၁) ဝါကျွတ်သည်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ ဝါတွင်းသုံးလကာလပတ်လုံး ဝါဆိုဝါကပ်စောင့်စည်းခဲ့ရသမျှ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှာ ကျွတ်လွတ်သွားသဖြင့် ဝါကျွတ်ကာလဟုခေါ်ဆိုကြခြင်းဖြစ်သည်။

(၂) မြတ်စွာဘုရားက မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကိုစဉ်ဆက်မပြတ် ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှာပြီးဆုံးသွားခဲ့သဖြင့် အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ခဲ့သည်။

(၃) မိမိတို့ကျောင်းသင်္ခမ်းများတွင် ဝိနည်းနှင့်အညီ ဝါဆိုခဲ့ကြသော သံဃာတော်များသည် ဝါဆိုကာလ ဝါကပ်နေရသည့် ဝိနည်းမှ ကျွတ်လွတ်ကုန်ကြသောအခါ မိမိတို့မှာ အကျင့်သီလစင်ကြယ်ခြင်းရှိ၊ မရှိကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း ဖိတ်ကြားစုဝေးကြပြီး ဝါစဉ်သိက္ခာတော်အလိုက် အပြစ်ကြီးငယ်အသွယ်သွယ်ကို ညွှန်ပြဆုံးမကြပါရန် ဝန်ချတောင်းပန်မေတ္တာရပ်ခံ လျှောက်ထားကြရသည့် ပဝါရဏာပွဲတော်ကျင်းပကြလေ့ရှိသည်။

(၄) မြတ်ဗုဒ္ဓက မယ်တော်ဖြစ်ခဲ့ဖူးသည့် နတ်သားကို ဝါတွင်းသုံးလပတ်လုံးဓမ္မဖြင့် ကျေးဇူးဆပ်ခြင်း၊ မြတ်ဗုဒ္ဓကို လူ၊ နတ်၊ ဗြဟ္မာရဟန်း သံဃာတော်များက ပူဇော်ကန်တော့ကြခြင်း၊ ထေရ်ကြီးဝါကြီးရဟန်းသံဃာတော်များကို ငယ်ရွယ်သူ ရဟန်းသံဃာတော်များက လာရောက်ပူဇော်ကန်တော့ကြခြင်း၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်နေသော မင်းနှင့်မိဖုရားကို မင်းညီမင်းသား ဆွေမျိုးများနှင့် မင်းမှုထမ်းကြီးငယ်များက ရိုသေလေးစားတန်ဖိုးထားကန်တော့ကြခြင်း စသည့်ပူဇော်ကန်တော့ပွဲများ ကျင်းပကြလေ့ရှိသည်။

(၅) မြတ်ဗုဒ္ဓကိုရည်စူးပြီး ဆီမီးပူဇော်ပွဲများဖြစ်ကြသည့် တာဝတိံသာပွဲတော်၊ မီးမြင်းမိုရ်ပွဲတော်များ ကျင်းပကြလေ့ရှိသည်။

(၆) မိုးရာသီမှာ ငှက်တိရစ္ဆာန်များပင် အသိုက်မပြောင်းကြဟုဆိုကာ ဝါတွင်းသုံးလမှာ ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းမပြုကြဘဲ ဝါကျွတ်မှသာ ထိမ်းမြားလက်ထပ်ခြင်း၊ နေအိမ်ပြောင်းရွှေ့ခြင်းများကို ဆောင်ရွက်ကြလေ့ရှိသည်။

(၇) ဝါတွင်းသုံးလမိုးရာသီမှာ ပျော်ပွဲရွှင်ပွဲများ မကျင်းပနိုင်ကြသော်လည်း ဝါကျွတ်ပြီဆိုမှဖြင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပကြလေ့ရှိသည်။ ခြေခင်းလက်ခင်းသာသည့်လ၊ ခရီးသွားလာသုတရှာ၍ ရသည့်လဟု သတ်မှတ်ကြကာ ပျော်ပါးကြရသည်။

ဝါကျွတ်ကာလ၏ အဓိကအင်္ဂါရပ်(၇)ရပ်ကို စိစစ်ကြည့်ပါက "ဝါကျွတ်ခါမီ သည်ရာသီ"၏ ထူးခြားလှသောဝိသေသများကို အကဲဖြတ်သုံးသပ်နိုင်သည်။ ထို့ပြင် **"ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်"**ဟု စာပန်းချီ သီကုံးထားသည့်နှယ်၊ ဝါကျွတ်သည့်လ၊ သီတင်းကျွတ်လ၏ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်၊ ကြာပဒုမ္မာဟူသောငါးမျိုးရှိသည်။ ဤဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မည်ဟု မိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ "ငါးယောက်ထင်ရှား၊ စောဘုရားတို့၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ၊ ပွင့်ရာသော်" ဟု စာဆိုရှိခဲ့သည်။

ဘုရားလေးဆူပွင့်တော်မူပြီးခဲ့ရာ အရိမေတ္တယျဘုရားတစ်ဆူပွင့်တော်မူရန် ကျန်နေပါသေးသည်။ ထို့ကြောင့် **"တောင်မြို့ ဂန္ဓာရုံဆရာတော်ဘုရားကြီး"**က "စံပယ်တဲ့လေးရုံ၊ မလေးငယ်မပန်ထိုက်လို့၊ ပန်းပြတ်ခိုက်ကြုံ။ အပွင့်ရယ်ကုန်၊ တစ်ငုံတော့ကျန်ပါသေး။ ပန်ချင်သူနွဲ့နွဲ့နှောင်းရယ်၊ ဆံကေသာပျော့ပျော့ပျောင်းကို၊ ခေါင်းဖြီးခဲ့လေး"ဟု နောင်ပွင့်တော်မူမည့်ဘုရားရှင်ကို လက်လွတ်မခံကြဘဲ ဖူးမြော်နိုင်ကြစေရေးအတွက် တရားဓမ္မကျင့်ကြံကြရန် ဟောကြားတော်မူခဲ့သည်။

> ❖ ကြီးသူကိုယ်သူက၊ ဆရာကိုတပည့်က၊ ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက လက်အုပ်ကလေးတွေချီ၊ ညွှတ်နူးအာရုံ၊ လက်ကြာမှုံဖြင့် လက်အုပ်ချီ၍ အရိုအသေပေးခြင်းကို ကန်တော့ခြင်းဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကန်တော့ခံသူအပေါ် ကန်တော့သူက စိတ်ပါလက်ပါ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အရိုအသေပေး ဂါရဝပြုဦးညွှတ်ရှိခိုးခြင်းသည် စစ်မှန်သောကန်တော့ခြင်းမည်သည်။ "သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ"ဟူသောမင်္ဂလာတရားနှင့်အညီ စစ်မှန်သောပူဇော်ကန်တော့ခြင်း အလေ့အကျင့်များကို ကလေးသူငယ်များရရှိပွားများလာစေရေးအတွက် မိဘဆရာများကပင် သွန်သင်ညွှန်ပြ ပျိုးထောင်ပေးနေကြရပေမည်။ ❖

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမှောက်ကြာလှန်များ ပြုလုပ်ထားကြခြင်း၊ ဘာသာရေးအဆောက်အအုံများတွင် ကြာပန်းလေးပွင့်နှင့်ကြာပန်းတစ်ငုံကို ကြိုးဖြင့်စည်းထားခြင်း၊ ကြာပန်းငါးခိုင်ကို ကြိုးဖြင့်ချည်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုနေကြခြင်းစသည့်လက္ခဏာများသည် ဘုရားငါးဆူပွင့်တော်မူမည်ကို ညွှန်းဆိုနေကြခြင်းပင်ဖြစ်သည်။

ကင်းဝန်မင်းကြီးကလည်း "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း။ ကြာမျိုးလန်းစို၊ မီးမြင်းမိုရ် ဗဟိုအချာထွန်း"ဟု စပ်ဆိုခဲ့သည်။ နဝဒေးကြီးဖွဲ့ ပိုဒ်စုံရတုမှာ "သီတင်းကျွတ်ဆီ၊ အဿဝဏီလျှင်၊ ရာသီတူနှင့်၊ ချိန်ကိုလင့်၍ပွင့်ခြင်းငါးမည်၊ ကြာမျိုးစည်က၊ ပတ်လည်သိမ့်သိမ့်၊ တိမ်နိမ့်နိမ့်နှင့်၊ ပြိုလိမ့်ကမန်း၊ လျှပ်ခြည်တန်းလျက်"ဟုဖွဲ့ဆိုထားသည်။ ဦးပုညတေးထပ်မှာမူ "သောင်းဒီပါထိန်ညီးအောင်၊ ထွန်းဆီမီးရောင်ညီ၊ သီတင်းကျွတ်တူရာသီမှာ၊ အဿဝဏီကြယ်မင်း၊ နေ့နှင့်ညဥ့်နာရီမှာ သုံးဆယ်စီ မြဲမှန်ဘိခြင်း။ ဆဲ့ငယ်လုံး သုံးပါဒ်မှီတွင်၊ ကြာငါးမည်ကြိုင်သင်း၊ ရာထီးပိုင်ဘုရင်မင်းတို့ မြေနန်းရင်းဗဟိုရ်၊ ရွှေမြင်းမိုရ်တောင်တော်ပွဲကိုတဲ့၊ ခြိမ့်သဲအောင်ထွက်စံမြန်းကို" ဟု စပ်ဆိုညွှန်းဖွဲ့ထားသည်။

ကြာငါးခိုင်နှင့် ဘုရားငါးဆူကိုတင်စားရာတွင်၊ လက်ကြာမှုံလည်းပါဝင်ပါသည်။ လက်အုပ်ကလေးတွေချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့် ပုံသဏ္ဍာန်ပင်ဖြစ်သည်။

ဝါလကင်းလွတ် သီတင်းကျွတ်လ၏ ထူးခြားဂုဏ်အင်များက စုံလင်လွန်းလှပေရာ ဖော်ပြ၍ပင် ကုန်နိုင်ဖွယ်မရှိပေ။

များပြားလှသော ဂုဏ်အင်များစွာထဲတွင် ကျက်သရေမင်္ဂလာရှိလှသောရိုးရာယဉ်ကျေးမှုမှာ ဆရာမိဘ၊ သက်ကြီးပုဂ္ဂိုလ်များကို ငယ်ရွယ်သူသား၊ သမီး၊ မြေးမြစ်၊ ညီအစ်ကိုမောင်နှမသားချင်းများ၊ တပည့်များက ဂါရဝတရားဦးထိပ်ထားကြကာ ရိုကျိုးစွာ၊ ရှိခိုးကန်တော့ကြခြင်းပင်ဖြစ်သည်။ **"မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ဆရာမိဘ၊ စိုးရသခင်၊ အရှင်ဂုဏ်ထူး၊ ကျေးဇူးရှိပေ၊ သူမြတ်တွေကို၊ ရိုသေဂါရဝ၊ ပြုအပ်လှ၏"**ဟူသော တရားနှင့်အညီ ပူဇော်ကန်တော့နေကြသည်မှာ မင်္ဂလာကျက်သရေရှိလှပါပေသည်။

ကြီးသူကိုယ်သူက၊ ဆရာကိုတပည့်က၊ ရဟန်းသံဃာတော်များကို လူပုဂ္ဂိုလ်များက လက်အုပ်ကလေးတွေချီ၊ ညွှတ်နူးအာရုံ၊ လက်ကြာမှုံဖြင့် လက်အုပ်ချီ၍ အရိုအသေပေးခြင်းကို ကန်တော့ခြင်းဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ကန်တော့ခံသူအပေါ် ကန်တော့သူက စိတ်ပါလက်ပါ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အရိုအသေပေးဂါရဝပြု ဦးညွှတ်ရှိခိုးခြင်းသည် စစ်မှန်သော ကန်တော့ခြင်းမည်သည်။

**"သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ"**ဟူသောမင်္ဂလာတရားနှင့်အညီ စစ်မှန်သောပူဇော်ကန်တော့ခြင်း အလေ့အကျင့်များကို ကလေးသူငယ်များရရှိပွားများလာစေရေးအတွက် မိဘဆရာများကပင် သွန်သင်ညွှန်ပြ ပျိုးထောင်ပေးနေကြရပေမည်။ အစကောင်းမှအနှောင်းသေချာဆိုသလို ကလေးသူငယ်ဘဝကတည်းက သူတို့နှလုံးသားထဲမှာ စွဲထင်နေအောင် လေ့ကျင့်သင်ကြားပေးနေကြရပေမည်။

သို့မှသာလျှင် **"ဝါလကင်းလွတ် သီတင်းကျွတ်" "ဝါကျွတ်ခါမီ သည်ရာသီ"**၏သရုပ်သကန်အမှန်နှင့် ကန်တော့ရခြင်း၏ အနှစ်သာရ အစစ်အမှန်ကို ကလေး၊လူငယ်များ နားလည်လက်ခံကျင့်သုံးလာကြပြီး ကြည်သာရွှင်မြူး ညွှတ်နူးအာရုံ၊ လက်ကြာမှုံဖြင့်၊ ယုံကြည်မှုသဒ္ဓါ ပွားများခံစားလာကြကာ အလေးအမြတ်ထားပြီး ကန်တော့လာကြပေလိမ့်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ကေ ၂၇၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းအဖူးရေ ၁၄၃၅၀ ခန့် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ကေ ၂၇၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဖူးစားပြောင်း စိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှု ကင်းရှင်းဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ရရှိစေရေး ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သာပေါင်းမြို့နယ် သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီဆုံကျေးရွာအုပ်စု သရက်အုပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၉၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သရက်အုပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၁၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၄ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၈၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၉၅သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

## အမှား

\- ဖတ်ဖူးတစ်နေ့ စိတ်နှင့်တွေ့မို့
မမေ့မှတ်သား ဆိုစကား။

\- ခရီးအသွား မီးရထားကို
စီးမှားမိပြီ ဆိုပါစို့။

\- သိလျှင်သိချင်း
ဝီရိယသုံး ချိန်မဖြုန်းနှင့်
နီးဆုံးဘူတာ ဆင်းလိုက်ပါ။

\- သို့မဟုတ်ဘဲ
တွန့်ဆုတ်ကြန့်ကြာ ချိန်ဆွဲကြာမူ
ကြာလေကြာလေ ခရီးရှေ(ရှည်)ကာ
ငွေလည်းပိုသုံး အချိန်ပြုန်းလျက်
အရှုံးနှစ်ဆ ကြုံတတ်လှ။

\- ကောင်းဆိုးနှစ်လီ ကြောင်းကျိုးညီသည့်
ဤဥပမာ တည်ပြုစာကို
သေချာမှတ်သား ဉာဏ်ဝင်စားလော့
"အမှား"ဟူက မပေါ့ဆနှင့်
ဘဝလှူ့ဝယ် မြွေဆိုးနှယ်သို့
ငယ်သည် ကြီးသည် မဟူပြီတည့်
ကိုယ့်ဆီကြာညောင်း မထားကောင်း
ကြာရှည်ကြာညောင်း မမှားကောင်း။ ။

**ချစ်စုအောင်**

## သာစည်မြို့နယ် နှမ်းကန်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှမ်းကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နှမ်းကန်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နှမ်းကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ်၂၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၇ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ငွေကျပ် ၄၇ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲ၌ ယူအေအီးဝါရင့်သံတမန် နူဆိုင်ဘာပါဝင်လာ

နယူးယောက် အောက်တိုဘာ ၂၂

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲတွင် ယူအေအီး ဝါရင့်သံတမန် နူဆိုင်ဘာလည်း ပါဝင်လာခဲ့သည်ဟု အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးဝါရင့်သံတမန် နူဆိုင်ဘာသည် ကုလသမဂ္ဂဆိုင်ရာ ယူအေအီး သံအမတ်ကြီးအဖြစ် ၁၀ နှစ်ကျော်ကြာ တာဝန်ယူခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ အကျပ်အတည်းများပေါ်ထွက်နေချိန်တွင် မိမိအနေဖြင့် သံတမန်ရေးအရ ပြဿနာများ ဖြေရှင်းပေးသူအဖြစ် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပြန်လည်ထိန်းသိမ်းရန်ကြိုးစားမည်ဖြစ်ကြောင်း နူဆိုင်ဘာက ပြောကြားထားသည်။

အသက် ၄၈ နှစ်ရှိ ယူအေအီး အမျိုးသမီးဝါရင့်သံတမန် နူဆိုင်ဘာသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲ၌ နောက်ဆုံး ပါဝင်လာသူဖြစ်သည်။

လုံခြုံရေးကောင်စီက ပြုလုပ်ခဲ့သော ကုလသမဂ္ဂအကြိုအကဲသစ်ရွေးချယ်ရေး အလွတ်သဘောမဲခွဲပွဲများတွင် ကော်စတာရီကာ ဒုတိယ သမ္မတဟောင်း ရီဘက်ကာဂရင်းစပင်းက ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။

သို့ရာတွင် ရီဘက်ကာဂရင်းစပင်းအပါအဝင် ပြိုင်ဘက်အားလုံးမှာ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ၏ ကန့်ကွက်မဲများကို နှစ်မိစီနှင့် အထက် ရရှိနေကြဆဲဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO




## ဆော်ဒီအာရေဗျရှိ သံတမန်နှင့်ဝန်ထမ်းအချို့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြန်လည်ခေါ်ယူ

ဝါရှင်တန် အောက်တိုဘာ ၂၂

အမေရိကန်သံရုံး သံတမန်အချို့နှင့် မိသားစုဝင်များ ဆော်ဒီအာရေဗျနိုင်ငံမှ ထွက်ခွာရန် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်ဟု အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသ အခြားနိုင်ငံများရှိ အမေရိကန် သံရုံးများနှင့် သံတမန်မိသားစုများကိုလည်း ပြန်လည်ခေါ်ယူရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

အီရန် စစ်ရေးပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများရှိ အမေရိကန် ပစ်မှတ်များကို အီရန်ကတိုက်ခိုက်ခဲ့ချိန်ကလည်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနသည် အမေရိကန် သံတမန်ဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့ဖူးသည်။

အောက်တိုဘာ ၂၂ ရက်မှာပင် ဟူသီလက်နက်ကိုင် အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ဒမ်မမ်မြို့ရှိ ကင်းဖက်ဒ်လေဆိပ်ကို တိုက်ခိုက်ခဲ့ရာ လူနှစ်ဦးသေဆုံး၍ ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ဆော်ဒီအာရေဗျ လေဆိပ်များနှင့် ရေနံလုပ်ငန်းများကို ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့က ဆက်လက်တိုက်ခိုက်နေချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံရှိ အမေရိကန်သံရုံး သံတမန်အချို့နှင့် မိသားစုဝင်များကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြန်လည်ခေါ်ယူရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းစစ်ရေးပဋိပက္ခပြီးဆုံးရေး သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ရုရှားသမ္မတပူတင် သဘောတူ



မော်စကို အောက်တိုဘာ ၂၂

ယူကရိန်း စစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် လာမည့် နိုဝင်ဘာလအတွင်း အမေရိကန်နိုင်ငံ၊ ယူကရိန်းနိုင်ငံတို့နှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ရုရှားသမ္မတပူတင်က အောက်တိုဘာ ၂၂ ရက်တွင် သဘောတူခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မော်စကိုမြို့၌ အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန်စတိဗ်ဝစ်ကော့ဖ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေးဆိုင်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပြန်လည်စတင်ရန် ရုရှားသမ္မတပူတင်က သဘောတူခဲ့ခြင်းဖြစ်သည်။

အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်သည် အောက်တိုဘာ ၂၂ ရက်တွင် ရုရှားသမ္မတပူတင်နှင့် နာဝမအကြိမ်မြောက်အဖြစ် တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

သမ္မတပူတင်နှင့် စတိဗ်ဝစ်ကော့ဖ်တို့၏ ဆွေးနွေးပွဲမစတင်မီ ရုရှားအစိုးရသည် စိတ်ရင်းစေတနာကောင်း ပြသသည့် အနေဖြင့် ရုရှား၌ဖမ်းဆီးထိန်းသိမ်းခံထားရသော အမေရိကန် ကျောင်းဆရာဟောင်း စတီဖင်ဟက်ဘက်ဒ်ကို ပြန်လွှတ်ပေးခဲ့သည်။

အမေရိကန်၊ ရုရှား၊ ယူကရိန်း နိုင်ငံတို့၏ သုံးပွင့်ဆိုင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ကျင်းပနိုင်ဖွယ်ရှိသည်ဟု ကရင်မလင်နန်းတော်က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ Ref : RT

Trs : KKO

## တောင်ကိုရီးယားဆန့်ကျင်ရေး ဝါဒဖြန့်ထုတ်လွှင့်မှုများ ပြန်လည်စတင်ရန် မြောက်ကိုရီးယား စီစဉ်ထား

ပြုံယမ်း အောက်တိုဘာ ၂၂

တောင်ကိုရီးယားဆန့်ကျင်ရေး ဝါဒဖြန့်ထုတ်လွှင့်မှု လုပ်ငန်းကို ပြန်လည်စတင်ရန် မြောက်ကိုရီးယားနိုင်ငံက စီစဉ်ထားသည်ဟု အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားဆန့်ကျင်ရေး ဝါဒဖြန့်ထုတ်လွှင့်မှု လုပ်ငန်းများ ပြန်လည်စတင်မည့် အစီအစဉ်ကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်က အောက်တိုဘာ ၂၂ ရက်တွင် အတည်ပြု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကင်ယိုဂျောင်သည် အောက်တိုဘာ ၂၂ ရက်တွင် တောင်နှင့် မြောက် ကိုရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ စစ်အင်အားဖြည့်တင်းထားသော ရှေ့တန်းနယ်မြေများသို့ သွားရောက်စစ်ဆေးခဲ့သည်။

တောင်ကိုရီးယား ဆန့်ကျင်ရေး ဝါဒဖြန့်ထုတ်လွှင့်မှုများ ပြန်လည်စတင်ရေးအတွက် လာမည့်ရက်ပိုင်းအတွင်း နယ်စပ်တစ်လျှောက် အသံချဲ့စက်များ ထားရှိမည်ဖြစ်ကြောင်း ကင်ယိုဂျောင်က ပြောကြားထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ကိုရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ မြေမြှုပ်မိုင်းများ ထပ်မံချထားခြင်း၊ သံဆူးကြိုးစည်းရိုးများတည်ဆောက်ခြင်း၊ တင့်ကားကာကွယ်ရေး အရံအတားများ ချထားခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိသည်။

လက်ရှိတွင် နှစ်နိုင်ငံစစ်မဲ့ဇုန် နယ်စပ်၌ ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်း ပေါက်ကွဲမှုများကို အကြောင်းပြု၍ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေး တင်းမာလျက်ရှိကြောင်းသိရသည်။

Ref : RT

Trs : KKO

## တူကီယဲ၊ ကာတာ၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနိုင်ငံတို့ ဘာဒါး ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် လက်မှတ်ရေးထိုး

အင်ကာရာ အောက်တိုဘာ ၂၂

တူကီယဲ၊ ကာတာ၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနိုင်ငံတို့သည် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေး စွမ်းဆောင်ရည်များ မြှင့်တင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အောက်တိုဘာ ၂၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘာဒါး နားလည်မှုစာချွန်လွှာ အမည်ရှိ အဆိုပါသဘောတူညီချက်ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း တူကီယဲကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘာဒါး နားလည်မှုစာချွန်လွှာအရ တူကီယဲ၊ ကာတာ၊ ပါကစ္စတန်၊ အင်ဒိုနီးရှားနိုင်ငံတို့သည်



စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး၊ စစ်ရေး စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နည်းဗျူဟာမြောက် တပ်မတော်ဆိုင်ရာ လေ့ကျင့်မှု၊ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုမြှင့်တင်ရန် ကြိုးစားမည်ဖြစ်ကြောင်း တူကီယဲ ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုနှစ် ဩဂုတ်လကလည်း တူကီယဲနိုင်ငံသည် ပါကစ္စတန်၊ ဆော်ဒီအာရေဗျနိုင်ငံတို့နှင့် မဟာ သဘောတူညီချက်အမည်ရှိ အပြန်အလှန် ကာကွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ Ref : RT

Trs : KKO

# နိုင်ငံတကာအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများက အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုနှစ်ကြိမ်ပြုလုပ်ရေးအတွက် ပြင်ဆင်မှုများစတင်နေပြီဖြစ်



**ဝါရှင်တန် အောက်တိုဘာ ၂၂**

နိုင်ငံတကာ အာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများသည် အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုနှစ်ကြိမ် ပြုလုပ်ရေးအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ နိုင်ငံတကာ အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး အင်နီးမီနွန်နှင့် ကနေဒါအာကာသယာဉ်မှူး ဂျိုရှူဝါကပ်ထရစ်ခ်တို့က ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပြင်ပထွက်ခွာမှု နှစ်ခုအနက် ပထမဆုံးထွက်ခွာမှုကို အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ဒုတိယအကြိမ်ထွက်ခွာမှုကို နိုဝင်ဘာ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

နာဆာနှင့် ကနေဒါ အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုများအတွင်း အောက်တိုဘာ ၂၉ ရက်တွင် ပြုလုပ်မည့် နိုင်ငံတကာအာကာသစခန်း ပြင်ပထွက်ခွာမှုသည် နာဆာအာကာသယာဉ်မှူး မီနွန်အတွက် စတုတ္ထအကြိမ်မြောက် ထွက်ခွာခြင်းဖြစ်ပြီး ကနေဒါ အာကာသယာဉ်မှူး ကပ်ထရစ်ခ်အတွက် ပထမဆုံးအကြိမ် ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်း အာကာသ ယာဉ်မှူးများသည် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ စ၍ ယနေ့ထိ အာကာသစခန်းပြင်ပထွက်ခွာမှုပေါင်း ၂၈၄ ကြိမ်ထိ ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# စိတ်ကျဝေဒနာပုံစံသစ်တစ်မျိုးကို သုတေသနပညာရှင်များ ဖော်ထုတ်တွေ့ရှိ

**ကင်ဘာရာ အောက်တိုဘာ ၂၂**

စိတ်ကျဝေဒနာ ပုံစံသစ်တစ်မျိုးကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ် ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ ဆေးပညာဌာနမှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Circadian Depression ဟူ၍ အမည်ပေးထားသည့် အဆိုပါ စိတ်ကျဝေဒနာ ပုံစံသစ်သည် သမားရိုးကျစိတ်ကျဝေဒနာကုထုံးများကို တုံ့ပြန်နိုင်စွမ်းနည်းပါးကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ယူဆထားသည်။

ဩစတြေးလျ သုတေသနပညာရှင်များသည် ပြင်းထန်၍ တစ်ကျော့ပြန် ဝင်ရောက်တတ်သည့် စိတ်ကျဝေဒနာရှင်ဦးရေ ၁၁၃၈၀ တို့၏ ဆေးမှတ်တမ်းများနှင့် မျိုးဗီဇအချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ အဆိုပါ လူနာများအနက် ၂၃ ရာခိုင်နှုန်းမှာ Circadian Depression ပြဿနာကို ရင်ဆိုင်နေကြရသူများဖြစ်နေသည်ကို တွေ့ရကြောင်း၊ Circadian Depression ပြဿနာ ရှိနေသူများသည် ကိုယ်ခန္ဓာ၏ ဇီဝနာရီစနစ် (Circadian Rhythms)ကို ပစ်မှတ်ထားသည့် မီလာတိုတင်ဟော်မုန်းကုထုံး၊ အလင်းကုထုံးကဲ့သို့ ကုထုံးများ၏ အကျိုးကျေးဇူးကို ခံစားရနိုင်သည်ဟု ဩစတြေးလျသုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Circadian Depression ပြဿနာရှိနေသူများ၌ ပိုမိုပြင်းထန်သော စိတ်ကျန်းမာရေး လက္ခဏာများ ပေါ်လာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီက စီးရက်စ်-၁ ဝိုင် ၈ ဒုံးပျံဖြင့် အဝေးအာရုံခံစနစ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်နိုင်ငံ အခြေစိုက် ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီသည် အောက်တိုဘာ ၂၁ ရက်တွင် စီးရက်စ်-၁ ဝိုင် ၈ ဒုံးပျံဖြင့် အဝေးအာရုံခံစနစ်ဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရှီကောင်းဆီဟောင် - ၀၁ အမည်ရှိ ဂြိုဟ်တုကို သယ်ဆောင်ထားသည့် စီးရက်စ်-၁ ဝိုင် ၈ ဒုံးပျံကို တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရက်စ်-၁ ဝိုင် ၈ ဒုံးပျံသည် ရှီကောင်းဆီဟောင်-၀၁ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ၅၄၁ ကီလိုမီတာအကွာရှိ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ခဲ့သည်ဟု ဂလက်စတစ်အင်နာဂျီ ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရှီကောင်းဆီဟောင်-၀၁ ဂြိုဟ်တုမစ်ရှင်သည် ပင်လယ်ပြင်



အခြေစိုက် စီးရက်စ်-၁ ဒုံးပျံများ၏ သတ္တမမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂလက်စတစ်အင်နာဂျီ အာကာသ နည်းပညာကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

စီးရက်စ်-၁ ဝိုင် ၈ ဒုံးပျံကို အောက်တိုဘာ ၂၁ ရက်တွင် လွှတ်တင်ခဲ့သော ဟိုင်ယန်းအိုရီယန်တယ် အာကာသစခန်းသည် လက်ရှိအချိန်ထိ ပင်လယ်ပြင်မှတစ်ဆင့် ဒုံးပျံလွှတ်တင်မှုပေါင်း ၂၉ ခုထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်

**ပေကျင်း အောက်တိုဘာ ၂၂**

ဘီသွေးအုပ်စု သွေးအမျိုးအစား ပိုင်ဆိုင်ထားသူများ၌ ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘီသွေးအုပ်စု သွေးအမျိုးအစား ပိုင်ဆိုင်ထားသူများသည် အခြားသွေးအုပ်စုအမျိုးအစား ပိုင်ဆိုင်ထားသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေ ၂၈ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်သည်။

ဘီသွေးအုပ်စု သွေးအမျိုးအစား ပိုင်ဆိုင်ထားမှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေမှာ ၂၈ ရာခိုင်နှုန်းသာ ရှိသော်လည်း အခြားနောက်ခံအကြောင်းတရားများကို ထည့်သွင်းတွက်ချက်ပါက ဖြစ်ပွားနိုင်ခြေ ရာခိုင်နှုန်းပိုမိုမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ပုံစံ-၂ ဆီးချိုရောဂါ၏ အခြားရောဂါ နောက်ခံအကြောင်းတရားများကို ထည့်သွင်းစဉ်းစားမည်ဆိုပါက ဘီသွေးအုပ်စု ပိုင်ဆိုင်ထားမှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမှာ ပိုမိုမြင့်တက်လာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ဘီသွေးအုပ်စု ပိုင်ဆိုင်ထားမှုနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို မသိရသေးကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO



# ကမ္ဘာ၏ဂြိုဟ်ရံလဖြစ်သော လကမ္ဘာအရွယ်အစား တဖြည်းဖြည်းကျုံ့ဝင်လာ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

ကမ္ဘာ၏ ဂြိုဟ်ရံလဖြစ်သော လကမ္ဘာသည် အရွယ်အစားအားဖြင့် တဖြည်းဖြည်း ကျုံ့ဝင်လာကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍အောက်တိုဘာ ၂၁ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လမျက်နှာပြင်ပေါ်၌ ထပ်မံပေါ်ထွက်လာသည့် မြေလွှာအက်ကြောင်း အထောက်အထားများအရ လကမ္ဘာ၏အရွယ်အစား ကျုံ့ဝင်လာသည်ကို အတည်ပြုနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် လကမ္ဘာကင်းထောက် အာကာသယာဉ် (LROC) က ရိုက်ကူးထားသော ဓာတ်ပုံများကို လေ့လာခဲ့ကြကြောင်း သိရသည်။

LROC အာကာသယာဉ်က ရိုက်ကူးထားသည့် ဓာတ်ပုံများထဲတွင် အသစ်ပေါ်ထွက်လာသည့် မြေလွှာအက်ကြောင်း ၁၀၀၀၀ ကျော်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပြီးခဲ့သော နှစ်ပေါင်းသန်း ၄၀၀ နှင့် ၈၀၀ ကြား ကာလအတွင်း လကမ္ဘာ၏အရွယ်အစားမှာ ၁၄၈ ပေခန့်ထိ ကျုံ့ဝင်ခဲ့သည်ကို တွေ့ရသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ပေါ်ထွက်လာသည့် လကမ္ဘာသည် နောက်ပိုင်းတွင် တဖြည်းဖြည်း အေးမြလာသည်နှင့်အမျှ အရွယ်အစားမှာလည်း တဖြည်းဖြည်း ကျုံ့ဝင်လာကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

# WBC ကမ္ဘာ့ဝယ်သာဝိတ်တန်းချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် ဂါစီယာက မေဝဲသာနှင့် ထိုးသတ်ရန်သဘောတူညီမှုရရှိ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

WBC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ် အဖြစ် အမေရိကန်လက်ဝှေ့သမား များဖြစ်သည့် လက်ရှိချန်ပီယံ ဂါစီယာက မေဝဲသာနှင့်ထိုးသတ် ရန် သဘောတူညီမှုရရှိထား သည်ဟု ပြောကြားခဲ့ကြောင်း Source of Boxing သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

ကမ္ဘာ့ထိပ်တန်းလက်ဝှေ့သမား တစ်ဦးဖြစ်သည့် မေဝဲသာသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဘဝ ပွဲ ၅၀ ထိုးသတ်ခဲ့ရာ ပွဲစဉ် အားလုံး နိုင်ပွဲရယူခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ်က ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ အနားယူခဲ့ သော်လည်း လက်ရှိတွင် လက်ဝှေ့ လောကသို့ ပြန်လည်ဝင်ရောက် လာပြီးနောက် ဂါစီယာက ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ် အဖြစ် ထိုးသတ်ရန် ဆွေးနွေးခဲ့ရာမှ ယနေ့တွင် သဘောတူညီမှုရရှိ ခဲ့ခြင်းဖြစ်သည်။

ဂါစီယာသည် ပရော်ဖက်ရှင် နယ်လက်ဝှေ့သမားဘဝတွင် ၂၆ ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထား သူဖြစ်ပြီး နောက်ဆုံးထိုးသတ်ခဲ့ သည့် ပွဲစဉ်အဖြစ် ပြီးခဲ့သည့် စက်တင်ဘာ ၁၂ ရက် က WBC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ ခါးပတ်ကာကွယ်ပွဲစဉ် အဖြစ် ဗြိတိန်လက်ဝှေ့သမားကွန်နာဘင်း နှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီ တွင် အလဲထိုးဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဂါစီယာက မေဝဲသာနှင့် ထိုးသတ်မည့် ပွဲစဉ်အတွက် သဘောတူညီမှု ရရှိထားသည် ဟု ပြောကြားခဲ့သော်လည်း ထိုးသတ်မည့်နေရာနှင့် ရက်စွဲကို အတည်ပြုထားခြင်း မရှိသေး ကြောင်း သိရသည်။

Ref : Source of Boxing

Trs : STA



# ၂၀၂၆ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် တရုတ်အမျိုးသမီးအသင်း ၂၀၂၈ အိုလံပစ်ပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်ရရှိ

**အမ်စတာဒမ် အောက်တိုဘာ ၂၂**

နယ်သာလန်နိုင်ငံ အမ်စတာဒမ် မြို့တွင် ကျင်းပခဲ့သည့် ၂၀၂၆ ကမ္ဘာ့ကျွမ်းဘား ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် တရုတ် အမျိုးသမီးအသင်း ၂၀၂၈ အိုလံပစ် ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ ကြောင်း Sports China သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။




၂၀၂၆ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲ အမျိုးသား၊အမျိုးသမီးပြိုင်ပွဲများ ကို အောက်တိုဘာ၁၇ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး တရုတ် အမျိုးသမီးအသင်းက အောက်တို ဘာ ၂၁ ရက်က ကျင်းပခဲ့သည့် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲ တွင် တရုတ်အမျိုးသမီးအသင်း သည် ရမှတ် ၁၆၅ ဒသမ ၇၆၄ မှတ် ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး အမေရိကန်အသင်းက ၁၆၅ ဒသမ ၅၃၁ မှတ်ဖြင့် ငွေတံဆိပ်၊ ဂျပန်အသင်း က ၁၆၄ ဒသမ ဝ၆၃ မှတ်ဖြင့် ကြေးတံဆိပ် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲ တွင် တရုတ်အမျိုးသမီးအသင်း သည် ၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် တရုတ် အမျိုးသား အသင်းသည်လည်း ၂၀၂၈ အိုလံပစ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိ ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲမှ တစ်ဆင့် ၂၀၂၈ ခုနှစ်အိုလံပစ်ပြိုင်ပွဲ သို့ အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်ရ ဂျပန်အသင်း၊ ငွေတံဆိပ်ရ ရုရှားအသင်း၊ ကြေးတံဆိပ်ရ တရုတ်အသင်း၊ အမျိုးသမီးပြိုင်ပွဲ တွင် ရွှေတံဆိပ်ရ တရုတ်အသင်း၊ ငွေတံဆိပ်ရ အမေရိကန်အသင်း၊ ကြေးတံဆိပ်ရ ဂျပန်အသင်းတို့က ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

Ref : Sports China

Trs : STA

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ရပြီး ဂလက်ဆီအက်ဖ်စီနှင့် ဖယ်ကွန်အက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီ က ကြီးမှူးကျင်းပနေသည့် မြန်မာ လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များ ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ တွင်ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက် တက်အသင်းအနိုင်ရပြီး ဂလက်ဆီ အက်ဖ်စီအသင်းနှင့် ဖယ်ကွန်အက်ဖ် စီအသင်းတို့ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂၀) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်း အားကစားကွင်းတွင် ဂလက်ဆီ အက်ဖ်စီအသင်းနှင့် ဖယ်ကွန် အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ ပြီး ဂလက်ဆီအက်ဖ်စီအသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၄၈ မိနစ် တွင် ပိုင်ဇေထွန်းက သွင်းယူခဲ့ပြီး ဖယ်ကွန်အက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ညီညီသန့်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲ က တောင်ဒဂုံအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက် အသင်း နှင့် ရောဝတီယူနိုက်တက်အသင်း တို့ကစားခဲ့ရာ ဟံသာဝတီယူနိုက် တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက် တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၅ မိနစ်တွင် ပင်နယ်တီမှ တစ်ဆင့် အောင်ဇော်ဦးက သွင်းယူ ခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀) အပြီးတွင် ISPE အသင်းက ၄၇ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန် ယူနိုက်တက်အသင်းက အသင်းက ရမှတ် ၄၆ မှတ်ဖြင့် ချန်ပီယံဆု အတွက် အဆင့်(၂)နေရာမှ ဖိအား ပေးလျက်ရှိနေကြောင်းသိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိ ဆက်လက်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကော်မ တီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၁)ပွဲစဉ်များကို အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိ ရန်ကုန်မြို့ တွင် ဆက်လက်ကျင်းပမည်ဖြစ် ကြောင်းသိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အပြီးတွင် ISPE အသင်း က ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ ရှုံးပွဲမရှိ သေးဘဲ ရမှတ် ၂၈ မှတ်ဖြင့်အမှတ် ပေးဇယား ထိပ်ဆုံးမှဦးဆောင် နေပြီး ရောဝတီအသင်းက ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၂)၊ ရန်ကုန် ယူနိုက်တက်အသင်းက ရမှတ် ၂၂ မှတ်ဖြင့်အဆင့်(၃)နေရာမှ ဖိအား ပေးလျက်ရှိနေသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် အမှတ်ပေးဇယား ထိပ်ဆုံးမှဦးဆောင်နေသည့် ISPE အသင်းနှင့် အဆင့်(၃)နေရာမှ ရန်ကုန်ယူနိုက်တက် အသင်းတို့ ထိပ်တိုက် တွေ့ဆုံနေသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ISPE အသင်း၊ ရောဝတီအသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက် အသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် သစ္စာ အားမာန်အသင်း၊ မြဝတီအက်ဖ်စီ အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်း၊ အောက်တိုဘာ ၂၈ ရက် တွင် Young Lionesses အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ဆက်လက် ကစားမည်ဖြစ် ကြောင်းသိရသည်။

STA

# စပိန်ဘုရင် ဖိလစ်ပီ-၆ ၏ Princess of Asturias Award ဆုကို အင်တာမီယာမီအသင်းမှ မက်ဆီရရှိ

**မက်ဒရစ် အောက်တိုဘာ ၂၂**

စပိန်ဘုရင် ဖိလစ်ပီ-၆ က ပေးအပ်သည့် Princess of Asturias Award ဆုကို အင်တာမီယာမီ အသင်း တိုက်စစ်ကစားသမား မက်ဆီကရရှိခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




Princess of Asturias Award ဆုကို စပိန်ဘုရင်ဖိလစ်ပီ-၆ တည်ထောင်ထားသည့် Princess of Asturias ဖောင်ဒေးရှင်း က ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့် ဂုဏ်သိက္ခာ ကြီးမားသည့် ဆုတစ်ခုဖြစ်သည်။

Princess of Asturias ဖောင် ဒေးရှင်းက နှစ်စဉ်အနုပညာ၊ စာပေ၊ သိပ္ပံ၊ လူမှုရေး၊ အားကစားစသည့် ကဏ္ဍများတွင် ထူးချွန်ထက်မြက် သည့် ပုဂ္ဂိုလ်များကို ရွေးချယ် ချီးမြှင့် ပေးအပ်ခြင်းဖြစ်သည်။

အားကစားကဏ္ဍ၏ Princess of Asturias Award ဆုကို အားကစားလောကတွင် ထူးချွန် ပြောင်မြောက်အောင် စွမ်းဆောင် နိုင်မှု၊ အောင်မြင်မှုကို ကာလရှည် ထိန်းသိမ်းထားနိုင်မှု၊ သက်ဆိုင်ရာ အသင်းများအတွက် ပေးဆပ် ကစားနိုင်မှုတို့အပြင် လူမှုအကျိုးပြု လုပ်ငန်းများတွင်လည်း တက်ကြွ စွာ ပါဝင်လုပ်ဆောင်မှုများကို အခြေခံပြီး ရွေးချယ်ချီးမြှင့် ပေးအပ်ခြင်းဖြစ်သည်။

မက်ဆီသည်ဘာစီလိုနာအသင်း၊ အာဂျင်တီးနားအသင်းတို့နှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးခဲ့ပြီး အောင်မြင်မှုများကို ကာလရှည် ထိန်းသိမ်းနိုင်ခဲ့သည့်အပြင် ချို့တဲ့ ကလေးငယ်များအတွက် ပညာရေး နှင့် ကျန်းမာရေးကဏ္ဍတို့တွင် လည်း တက်ကြွစွာလုပ်ဆောင်ခဲ့မှု များကြောင့် Princess of Asturias Award ဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ် ကြောင်း သိရသည်။

Ref : TNT Football

Trs : STA

# စနေနေ့ညကစားမဲ့ အမှတ်ပေးပွဲတွေမှာလဲ အသင်းလိုက်ကစားပုံကောင်းနေတဲ့ ချဲလ်ဆီးအသင်း၊ ရိုးမားအသင်းနဲ့ ဗယ်လ်ကာနိုအသင်းတို့ကို ရွေးရမှာပါ

ML




ဒီတစ်ပတ်စနေနေ့ညမှာလဲ ခြေရည်တူအသင်းကြီးတွေ ထိပ်တိုက်တွေ့ဆုံမှုရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်ပါတယ်။ လာလီဂါပြိုင်ပွဲမှာတော့ ဗီလာရီးရဲလ်အသင်းက အယ်ချီအသင်းကို ရှုံးနိမ့်ခဲ့ပေးလိုက်တာကလွဲရင် အေတီကိုအသင်း၊ ဘာစီလိုနာအသင်းတို့ရလဒ်ကောင်းခဲ့ပြီး စီးရီးအေပြိုင်ပွဲမှာတော့ နာပိုလီအသင်းက ခြေစွမ်းပိုင်းအားနည်းတဲ့ ဗီနီဇီယာအသင်းကို ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသင်းတိုင်းက ကစားကွက်ပိုင်းပိုကောင်းလာခဲ့ပေမဲ့ အရန်ကစားသမားအင်အားကောင်းတဲ့ အသင်းတွေကသာ နိုင်ပွဲရှာနိုင်တာကို သတိပြုရမှာပါ။ ဒီတစ်ပတ်စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ အရန်ကစားသမားအင်အားကောင်းပြီး အသင်းလိုက်ကစားပုံကောင်းနေတဲ့ အသင်းတွေကိုသာ အဓိကရွေးရမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ် အမှတ်ပေးပွဲစဉ် ( ၈ ) မှာ အကြိုက်တွေ့တာကတော့ ချဲလ်ဆီးအသင်းနဲ့ စပါးအသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းလန်ဒန်မြို့ခံနှစ်သင်းဖြစ်တာကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြတဲ့ ပြိုင်ဘက်ကောင်းတွေဖြစ်တာကို တွေ့ရမှာပါ။ လက်ရှိမှာ ချဲလ်ဆီးအသင်းကတော့ နည်းပြအလွန်ဆိုတာဝန်ယူပြီးနောက်ပိုင်း ကစားကွက်ပိုင်းပိုကောင်းလာတာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့တာဖြစ်ပြီး ပရီးမီးယားလိဂ် ပွဲစဉ်( ၇ )ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၃ မှတ်ထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ တိုက်စစ်ပိုင်းက သွင်းဂိုး ၁၅ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ခံစစ်ပိုင်းကတော့ ခြောက်ဂိုးခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ နည်းပြအလွန်ဆိုရဲ့တိုက်စစ်ကစားပုံမှာတော့ ဂျာအိုပက်ထရို၊ ရော်ဂျာ၊ ပယ်မာတို့က ခြေစွမ်းပြနေပြီး ဂျာအိုပက်ထရိုကတော့ အသင်းအတွက် ငါးဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် ချဲလ်ဆီးအသင်းဟာ ဂျာအိုပက်ထရိုပါလာရင် ဂိုးမြုးလေ့ရှိတာကြောင့် အခုပွဲမှာလဲ ခံစစ်ပိုင်း ပေးဂိုးများနေတဲ့ စပါးအသင်းကို အိမ်ရှင်အားသာချက်နဲ့ ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာသေချာပါတယ်။

စပါးအသင်းကတော့ နည်းပြဒီဇာဘီလက်အောက်မှာ တိုနယ်လီ၊ မာမွတ်၊ မာသီးယက်ဖာနန်ဒက်တို့လို ကစားသမားကောင်းတွေ ခေါ်ယူနိုင်ခဲ့ပေမဲ့ ပုံမှန်ခြေစွမ်းရဖို့အတွက် ရုန်းကန်နေရဆဲဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲစဉ်( ၇ ) ပွဲအပြီးမှာတော့ တစ်ပွဲသာအနိုင်ရထားပြီး သုံးပွဲသရေ၊ သုံးပွဲရှုံးခဲ့တာကြောင့် ရမှတ် ခြောက်မှတ်သာ ရခဲ့တာကို တွေ့ရမှာပါ။ နည်းပြဒီဇာဘီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကို ကြည့်ပြီး တိုက်စစ်ပိုင်းအပြောင်းလဲလုပ်ခဲ့ပေမဲ့ ကွင်းလယ်မှာ မက်ဒီဆင်၊ တိုနယ်လီ၊ ဘန်တန်ကာတို့အတွဲအဖက် မမိသေးတာကြောင့် ခံစစ်ကိုမကူနိုင်ဘဲ နေရာလွတ်တွေပေးခဲ့ရတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာဆိုရင် ခံစစ်ပိုင်းက ရှစ်ဂိုးထိခွင့်ပြုခဲ့ရသလို အဝေးကွင်း လေးပွဲဆက်မှာလဲ နိုင်ပွဲပျောက်ဆုံးခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် လက်ရှိစပါးအသင်းခြေစွမ်းပိုင်းက ချဲလ်ဆီးအသင်းတိုက်စစ်ကို ထိန်းချုပ်ဖို့မဖြစ်နိုင်သေးတဲ့အတွက် ချဲလ်ဆီးအသင်းနိုင်ပွဲရဖို့သေချာတယ်လို့ သုံးသပ်မိတာကြောင့် ချဲလ်ဆီးအသင်းကိုပဲ ရွေးရမှာပါ။

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၆ | - | ၃ | လိဒ်ယူနိုက်တက် |
| ချဲလ်ဆီး | ၂ | - | ၂ | ဟူးလ်စီးတီး |
| ဘရန့်ဖို့ဒ် | ၃ | - | ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၅ | - | ၁ | ဘုန်းမောက် |
| အဲဗာတန် | ၀ | - | ၂ | ချဲလ်ဆီး |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | ၀ | - | ၀ | အဲဗာတန် |
| လီဗာပူး | ၃ | - | ၁ | စပါး |
| စပါး | ၂ | - | ၃ | အေဗီလာ |
| မန်ယူ | ၁ | - | ၁ | စပါး |
| စပါး | ၃ | - | ၁ | ကိုဗင်ထရီ |

## ရိုးမားအသင်းရလဒ် ကောင်းမှာပါ

အီတလီစီးရီးအေ ပွဲစဉ် ( ၈ )မှာ အကြိုက်တွေ့တာကတော့ နာပိုလီအသင်းနဲ့ရိုးမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းကတော့ နည်းပြသစ်အယ်လီဂရီလက်အောက်မှာ ပုံစံကောင်းရဖို့ ရုန်းကန်နေရပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ချန်ပီယံလိဂ်ပြိုင်ပွဲမှာတော့ ဘိုဒိုဂလင့်အသင်းကို လေးဂိုးသုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ ၃-၄-၂-၁ ကစားပုံဟာ ကွင်းလယ်ကစားအားကောင်းပေမဲ့ ကွင်းလယ်တောင်ပံမှာကစားတဲ့ ကစားသမားတွေအနေနဲ့ တိုက်စစ်လိုက်ပြီး ခံစစ်ကိုပြန်မကူနိုင်တဲ့အခြေအနေတွေကြောင့် ပေးဂိုးတွေများနေတာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိရှိထားပြီး စီးရီးအေ ခုနစ်ပွဲမှာလဲ သုံးပွဲထိ ရှုံးခဲ့တာဖြစ်ပါတယ်။ နည်းပြအယ်လီဂရီကတော့ သူ့ရဲ့အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး အသင်းကိုအကောင်းဆုံးတည်ဆောက်နေပေမဲ့ အသင်းမှာရှိတဲ့ ထိပ်တန်းအဆင့်ကစားသမားတွေ အနေနဲ့ အသက်အရွယ်ရလာတာကြောင့် ဒုတိယပိုင်းပွဲချိန်မှာ ပေးဂိုးတွေများပြီး ရလဒ်ဆိုးခဲ့တာ ဖြစ်ပါတယ်။

ရိုးမားအသင်းကတော့ နည်းပြဂတ်စပါရီနီလက်အောက်မှာ အသင်းလိုက်ကစားပုံပိုကောင်းလာခဲ့တာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၇ မှတ်နဲ့ အဆင့် ( ၃ ) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းတွေမှာ တိုက်စစ်ကစားပုံပိုကောင်းခဲ့ပြီး အဝေးကွင်းတွေမှာတော့ ခံစစ်ကစားပုံပိုကောင်းတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲဆက်မှာလဲ ရှုံးပွဲမရှိသေးဘဲ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့တာကို သတိပြုရမှာပါ။ လက်ရှိရိုးမားအသင်းတိုက်စစ်ကိုတော့ မာလန်း၊ ကက်ထရို၊ ဆူလီတို့ ဦးဆောင်နေပြီး မာလန်းကတော့ သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ရိုးမားအသင်းဟာ လက်ရှိမှာ တိုက်စစ်မှူး ဒိုင်ဘာလာကို လက်လွှတ်ထားရပေမဲ့ မာလန်း၊ ဆူလီ တို့အတွဲက လိုအပ်ချိန်မှာ အဆုံးအဖြတ်ဂိုးတွေ သွင်းယူလေ့ရှိတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းတွေ့ဆုံမှုမှာ ရိုးမားအသင်းအရေးနိမ့်ထားပေမဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာတော့ ရိုးမားအသင်းအသာရနေတာကြောင့် ရိုးမားအသင်းပဲရလဒ်ကောင်းမှာပါ။

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၁ | နာပိုလီ |
| နာပိုလီ | ၃ | - | ၀ | ဖရိုစီဝမ်း |
| ဗီလာရီးရဲလ် | ၃ | - | ၁ | နာပိုလီ |
| ဗီနီဇီယာ | ၁ | - | ၀ | နာပိုလီ |
| နာပိုလီ | ၄ | - | ၃ | ဘိုဒိုဂလင့် |

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၂ | - | ၂ | အင်တာမီလန် |
| ကိုမို | ၀ | - | ၀ | ရိုးမား |
| ရိုးမား | ၂ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ရိုးမား | ၂ | - | ၀ | ဂျီနိုအာ |
| ရိုးမား | ၄ | - | ၀ | ဆလိုဗန် |

## ဗယ်လ်ကာနိုအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပြိုင်ပွဲမှာ အကြိုက်တွေ့တာကတော့ ဗယ်လ်ကာနိုအသင်းနဲ့ အယ်ချီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လ်ကာနိုအသင်းဟာ လာလီဂါပြိုင်ပွဲမှာ ခြေရည်တူအသင်းတွေဆို အမြဲတမ်းထိန်းချုပ်ကစားပြီး ရမှတ်စုဆောင်းလေ့ရှိတဲ့ အသင်းဖြစ်သလို အထူးသဖြင့် အိမ်ကွင်းပြိုင်ပွဲတွေမှာ အသင်းကြီးတွေကိုတောင် တုံ့ပြန်ကစားနိုင်တာကို တွေ့ရမှာပါ။ လက်ရှိ လာလီဂါ ကိုးပွဲကစားအပြီးမှာလဲ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယား အဆင့်( ၁၄ ) မှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ လာလီဂါပြိုင်ပွဲကို ၂၀၂၁ ခုနှစ်မှာ စတင်ရောက်ရှိခဲ့ပြီး အိမ်ကွင်းပွဲတွေမှာ ရမှတ်စုဆောင်းနိုင်ခဲ့တာကြောင့် လက်ရှိအချိန်ထိ ဒီပြိုင်ပွဲမှာ ကစားခွင့်ရနေတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြီးခဲ့တဲ့ ပြိုင်ပွဲတွေမှာ ၄-၃-၃ ကစားကွက်နဲ့သာ ပွဲထွက်ခဲ့ပြီး ဒီကစားကွက်မှာ တောင်ပံတိုက်စစ်ကစားသမားတွေခြေစွမ်းပြသနိုင်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာလဲ ရီးရဲလ်မက်ဒရစ်အသင်းကိုသာ ရှုံးထားခဲ့ပြီး ကျန်အသင်းတွေကို ရှုံးနိမ့်ခဲ့ခြင်းမရှိသလို တိုက်စစ်ပိုင်းကလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲမှာတော့ အယ်ချီလိုအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်တာကြောင့် ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာ သေချာပါတယ်။

အယ်ချီအသင်းဟာ အခုနှစ်မှ လာလီဂါပြိုင်ပွဲကို ပြီးခဲ့တဲ့နှစ်က ပြန်လည်တန်းတက်လာတဲ့အသင်းဖြစ်ပြီး လက်ရှိမှာခံစစ်ပိုင်းအားပြုကစားတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ ထိပ်တန်းအဆင့်ကစားသမားဖြည့်တင်းနိုင်ခြင်းမရှိပေမဲ့ ပြိုင်ပွဲတိုင်းကို ခံစစ်အသားပေးပြီး ရမှတ်ခွဲယူဖို့သာ ကြိုးပမ်းနေတာဖြစ်ပါတယ်။ လက်ရှိ လာလီဂါ ကိုးပွဲကစားအပြီးမှာတော့ ရမှတ် ခုနစ်မှတ်သာ ရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် ( ၁၈ ) တန်းဆင်းဇုန်ထဲ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ရီးရဲလ်မက်ဒရစ်အသင်းကိုသာ ရှုံးခဲ့ပေမဲ့ တိုက်စစ်ပိုင်းက ငါးပွဲမှာ ခြောက်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ဂိုးရဖို့ရုန်းကန်နေရပြီး ကွင်းလယ်ပိုင်းမှာ အားနည်းချက်တွေရှိနေတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ရာသီ သူတို့နှစ်သင်းတွေ့ဆုံမှုမှာ တစ်ကြိမ်စီ အနိုင်ရထားခဲ့ပေမဲ့ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဗယ်လ်ကာနိုအသင်း အိမ်ကွင်းမှာတော့ အယ်ချီအသင်းနိုင်ပွဲမရခဲ့ပါဘူး။ ဒါကြောင့် အခုပွဲမှာ အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ဗယ်လ်ကာနိုအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဗယ်လ်ကာနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၃ | - | ၂ | ရေဆင်း |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဗယ်လ်ကာနို |
| ဗယ်လ်ကာနို | ၂ | - | ၁ | အက်စ်ပန်ညို |
| အိုဆာဆူနာ | ၁ | - | ၁ | ဗယ်လ်ကာနို |
| ဂီတာဖေး | ၁ | - | ၁ | ဗယ်လ်ကာနို |

### အယ်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၁ | အယ်ချီ |
| အယ်ချီ | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| အက်စ်ပန်ညို | ၁ | - | ၃ | အယ်ချီ |
| အယ်ချီ | ၀ | - | ၀ | ဆဲလ်တာဗီဂို |
| ဗီလာရီးရဲလ် | ၀ | - | ၀ | အယ်ချီ |

# စားသုံးဆီဖူလုံရေးနှင့် ကျန်းမာရေးအတွက် နေကြာသီးနှံ

ခွာညို(စိုက်ပျိုးရေး)

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ပြည်သူများ၏ နေ့စဉ်စားသုံးမှုအတွက် လိုအပ်သော သီးနှံများစွာကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဆန်၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဆီထွက်သီးနှံများသည် လူတို့၏နေ့စဉ်အစားအစာ အတွက် လိုအပ်သောသီးနှံများဖြစ်သည်။ အထူးသဖြင့် အိမ်ထောင်စုတိုင်း၏ နေ့စဉ်ချက်ပြုတ်စားသုံးမှုတွင် စားသုံးဆီသည် အရေးပါသည်။

**နေကြာသီးနှံနှင့် ဆီဖူလုံရေး**

စားသုံးဆီ ဖူလုံရေးသည် စားသုံးသူများအတွက်သာမက ဆီထွက်သီးနှံစိုက်သော တောင်သူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် စားသောက်ကုန်လုပ်ငန်းများအတွက်ပါ အရေးကြီးသည်။ ပြည်တွင်း၌ ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ပါက စားသုံးဆီထုတ်လုပ်မှု ပိုမိုကောင်းမွန်လာနိုင်သည်။

နေကြာသီးနှံသည် ဆီထွက်သီးနှံများအနက် တစ်မျိုးဖြစ်ပြီး နေကြာစေ့တွင် ဆီပါဝင်မှုရှိသည့်အတွက် ဆီထုတ်လုပ်ရန် အသုံးပြုနိုင်သည်။ စနစ်တကျစိုက်ပျိုးကာ ရိတ်သိမ်းပြီးနောက် အစေ့များကို သန့်စင်၊ အခြောက်ခံကာ ဆီထုတ်လုပ်နိုင်ပါက စားသုံးဆီကဏ္ဍအတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ထို့ကြောင့် နေကြာစိုက်ပျိုးခြင်းသည် တောင်သူများ၏ သီးနှံစိုက်ပျိုးမှုအဖြစ်သာမက ပြည်တွင်းဆီထုတ်လုပ်မှု၏ အစိတ်အပိုင်းတစ်ခု လည်းဖြစ်သည်။

နေကြာစိုက်ပျိုးဧက တိုးမြှင့်ခြင်းတစ်ခုတည်းဖြင့် ဆီဖူလုံရေးကိုပြည့်စုံစွာ ရရှိမည်မဟုတ်ပေ။ စိုက်ပျိုးသည့် နေကြာ၏ အထွက်နှုန်း၊ အစေ့အရည်အသွေး၊ ဆီထွက်နှုန်း၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုနှင့် ဆီကြိတ်ထုတ်လုပ်သည့် နည်းပညာတို့သည်လည်း အလွန်အရေးကြီးသည်။ စိုက်ခင်းတစ်ဧကလျှင် အပင်ရေပြည့်မီအောင် စိုက်ပျိုးထားသော်လည်း အထွက်နှုန်းနည်းပါးနေလျှင် ကုန်ကြမ်းရရှိမှု နည်းပါးသွားမည်ဖြစ်သည်။ ထို့ပြင် ရိတ်သိမ်းချိန် နောက်ကျခြင်း၊ အစေ့များ စိုစွတ်နေခြင်းနှင့် သိုလှောင်မှု မမှန်ကန်ခြင်းတို့ကြောင့်လည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ဆီဖူလုံရေးအတွက် စိုက်ပျိုးခြင်းမှ ဆီစားသုံးသည်ထိ လုပ်ငန်းစဉ်တစ်ခုလုံးကို စနစ်တကျစီမံရန်လိုအပ်သည်။

နေကြာစိုက်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၊ မြေယာ၊ ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးချိန်ကို ရွေးချယ်ခြင်း၊ မြေဩဇာနှင့် ရေကိုသင့်တော်စွာစီမံခြင်း၊ ပိုးမွှားနှင့် ရောဂါများကို ထိရောက်စွာ ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်သည်။ တစ်ဖက်တွင်လည်း ရိတ်သိမ်းပြီးနောက် အစေ့များကို အရည်အသွေး မကျဆင်းစေရန် စနစ်တကျ ထိန်းသိမ်းရန်လိုအပ်သည်။ အစေ့အရည်အသွေးကောင်းမွန်မှသာ ဆီထုတ်လုပ်ရာတွင်လည်း ကောင်းမွန်သော ကုန်ကြမ်းရရှိမည်ဖြစ်သည်။

**တောင်သူများအတွက် နေကြာစိုက်ပျိုးခြင်း**

နေကြာစိုက်တောင်သူများအနေဖြင့် မိမိဒေသ၏ မြေအမျိုးအစားနှင့် ရာသီဥတုအခြေအနေများကို နားလည်ပြီး သင့်လျော်သည့်မျိုးကို ရွေးချယ်စိုက်ပျိုးသင့်သည်။ ထို့ပြင် စိုက်ခင်းအတွင်း အပင်ရေညီစေရန်၊ ပေါင်းမြက်ကို အချိန်မီထိန်းချုပ်ရန်နှင့် ပိုးမွှားရောဂါများကို စောစီးစွာသိရှိကာကွယ်ရန် လိုအပ်သည်။

စိုက်ပျိုးစရိတ်များကိုလည်း မှတ်တမ်းတင်ထားသင့်သည်။ မျိုးစေ့ဖိုး၊ မြေပြင်ဆင်ခ၊ မြေဩဇာဖိုး၊ လုပ်သားခ၊ ရိတ်သိမ်းခနှင့် သယ်ယူပို့ဆောင်ခများကို စာရင်းပြုစုထားခြင်းဖြင့် မိမိ၏နေကြာစိုက်ပျိုးရေး လုပ်ငန်းသည် အကျိုးအမြတ်ရှိ၊ မရှိကို သိရှိနိုင်မည် ဖြစ်သည်။ ထိုသို့ တောင်သူအဆင့်မှစ၍ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မှသာ စားသုံးဆီဖူလုံရေး အတွက် အခြေခံကောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။



**နေကြာဆီနှင့် ကျန်းမာရေး**

နေကြာသီးနှံ၏ အရေးပါမှုသည် ဆီဖူလုံရေးတွင်သာ ရပ်တန့်မနေဘဲ လူတို့၏ ကျန်းမာရေးနှင့်လည်း ဆက်စပ်နေသည်။ နေကြာဆီတွင် အဓိကအားဖြင့် မပြည့်ဝဆီများပါဝင်ပြီး အမျိုးအစားနှင့် ထုတ်လုပ်သည့် နည်းလမ်းပေါ်မူတည်၍ ကွဲပြားနိုင်သည်။ ပုံမှန်စားသုံးသည့် အစားအစာများတွင် ပြည့်ဝဆီများအစား မပြည့်ဝဆီများကို သင့်တော်သည့် ပမာဏဖြင့် ရွေးချယ်အသုံးပြုခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးမှုပုံစံဖြစ်သည်။

နေကြာဆီတွင် ဗီတာမင်-အီးပါဝင်သည်။ ဗီတာမင်-အီးသည် ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင်ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ဆဲလ်များ ပျက်စီးယိုယွင်းမှုကို ကာကွယ်ပေးရာတွင် အရေးပါသည်။ ထို့ကြောင့် အစားအစာအတွင်း နေကြာဆီကို သင့်တော်သည့်ပမာဏဖြင့် ထည့်သွင်းအသုံးပြုခြင်းသည် အစားအစာမှ ရရှိနိုင်သော ဗီတာမင်-အီး အရင်းအမြစ်များထဲမှ တစ်ခုဖြစ်သည်။

**မပြည့်ဝဆီနှင့် နှလုံးသွေးကြောကျန်းမာရေး**

အစားအစာအတွင်း အဆီအမျိုးအစားသည် ကျန်းမာရေးအတွက် အရေးပါသည်။ ပြည့်ဝဆီများကို အလွန်အကျွံစားသုံးခြင်းသည် သွေးတွင်း LDL ကိုလက်စထရော မြင့်တက်မှုနှင့် ဆက်စပ်နိုင်သည်။ ထိုအစားပြည့်ဝဆီများနေရာတွင် မပြည့်ဝဆီများ ပါဝင်သည့် ဆီများကို သင့်တော်စွာ အစားထိုးအသုံးပြုခြင်းသည် နှလုံးသွေးကြောကျန်းမာရေး အတွက် ပိုမိုသင့်လျော်သည်။

နေကြာဆီတွင် linoleic acid ကဲ့သို့သော poly-unsaturated fatty acid များ ပါဝင်နိုင်သဖြင့် အစားအစာတွင် အဆီအမျိုးအစားများကို မျှတစွာရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားနိုင်သော ဆီတစ်မျိုးဖြစ်သည်။ သို့ရာတွင် လူတစ်ဦးချင်းစီ၏ ကျန်းမာရေး အခြေအနေ၊ အသက်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အစားအစာပုံစံတို့ ကွဲပြားသည့်အတွက် ဆီတစ်မျိုးတည်းက ကျန်းမာရေးပြဿနာအားလုံးကို ဖြေရှင်းပေးနိုင်သည့် အစားအစာအဖြစ် မယူဆသင့်ပေ။

နေကြာသီးနှံတွင် အဆီ၊ ပရိုတင်း၊ အမျှင်ဓာတ်နှင့် အခြားအာဟာရဓာတ်များပါဝင်သည်။ နေကြာစေ့ကို အစားအစာအဖြစ် အသုံးပြုရာတွင် အလွန်အကျွံ စားသုံးရန် မလိုအပ်ဘဲ အခြားအစားအစာများနှင့် မျှတစွာ ပေါင်းစပ်စားသုံးသင့်သည်။ ထို့ပြင် ဆား ထည့်ထားသော နေကြာစေ့ထုတ်ကုန်များကို စားသုံးရာတွင်လည်း ဆားပမာဏကို သတိပြုရန် လိုအပ်သည်။ ထုတ်ကုန်တစ်ခု၏ အာဟာရတန်ဖိုးကို ဆုံးဖြတ်ရာတွင် နေကြာစေ့ကိုယ်တိုင်သာမက ထည့်သွင်းထားသည့် ဆား၊ သကြားနှင့် အခြားပါဝင်ပစ္စည်းများကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

စားသုံးဆီဖူလုံရေးကို ဆောင်ရွက်ရာတွင် ပမာဏ တိုးမြှင့်ရေးတစ်ခုတည်းကိုသာ ဦးစားပေးမည်ဆိုပါက မလုံလောက်ပေ။ ထုတ်လုပ်သည့်ဆီ၏ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကိုလည်း တစ်ပြိုင်နက်တည်း အလေးထားရမည်။ ဆီထုတ်လုပ်ရာတွင် အသုံးပြုသည့် နေကြာစေ့သည် သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်ရန် လိုအပ်သည်။ ရိတ်သိမ်းပြီးနောက် ရရှိလာသောအစေ့များကို သိုလှောင်ရာတွင် အစိုဓာတ်လွန်ကဲခြင်းနှင့် မှိုတက်ခြင်းတို့ကို ကာကွယ်ရန်လိုအပ်သည်။ ထို့ပြင် ဆီထုတ်လုပ်သည့် စက်ရုံများတွင် သန့်ရှင်းရေး၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်၊ ထုပ်ပိုးမှုနှင့် သိုလှောင်မှု တို့ကို သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်သည်။ စားသုံးသူများအနေဖြင့်လည်း စားသုံးဆီဝယ်ယူရာတွင် ထုတ်ကုန်အညွှန်း၊ ထုတ်လုပ်သည့်နေရာ၊ ထုပ်ပိုးမှုနှင့် သက်တမ်းကာလတို့ကို စစ်ဆေးဝယ်ယူသင့်သည်။

**ပြည်တွင်းစားသုံးဆီဖူလုံရေးမှ ကျန်းမာရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုဆီသို့**

နေကြာသီးနှံကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါက စားသုံးဆီထုတ်လုပ်မှုထိသာ ရှိနေမည်မဟုတ်ပေ။ တောင်သူများအတွက် ဝင်ငွေရရှိနိုင်ခြင်း၊ နေကြာစေ့ဝယ်ယူသည့် လုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ဆီစက်များ လည်ပတ်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လှုပ်ရှားလာခြင်းနှင့် ဆီထုတ်လုပ်မှုကွင်းဆက်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။

ထို့ပြင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် စားသုံးဆီပမာဏ တိုးတက်လာခြင်းသည် စားသုံးသူများအတွက် လိုအပ်သော စားသုံးဆီရရှိနိုင်မှုကို အထောက်အကူပြုနိုင်သည်။ ထိုအခြေအနေသည် တောင်သူတစ်ဦးအတွက် အကျိုးရှိခြင်း၊ စားသုံးသူတစ်ဦးအတွက် အကျိုးရှိခြင်းတို့ထက် ပိုမိုကျယ်ပြန့်ပြီး စိုက်ပျိုးရေး၊ အစားအစာနှင့် အာဟာရ၊ စီးပွားရေးနှင့် ပြည်တွင်းထုတ်လုပ်မှုတို့ကို ဆက်စပ်ပေးနိုင်သည့် ကွင်းဆက်တစ်ရပ် ဖြစ်လာနိုင်သည်။

**စားသုံးဆီဖူလုံရေးအတွက် လူတိုင်း၏အခန်းကဏ္ဍ**

စားသုံးဆီဖူလုံရေးအတွက် တောင်သူများက အရည်အသွေးကောင်းမွန်သည့် နေကြာစေ့များ ထုတ်လုပ်ပေးရန် လိုအပ်သကဲ့သို့ စက်မှုလုပ်ငန်းများကလည်း အရည်အသွေးကောင်းမွန်သောဆီကို ထုတ်လုပ်ပေးရန် လိုအပ်သည်။ ကုန်သည်များအနေဖြင့် ထွက်ကုန်များကို သိုလှောင်မှုမှန်ကန်၍ ဖြန့်ဖြူးပေးရန်လိုအပ်ပြီး စားသုံးသူများအနေဖြင့်လည်း အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေးကာ ဝယ်ယူစားသုံးရန် လိုအပ်ပေသည်။

သုတေသနနှင့် နည်းပညာပိုင်းတွင်လည်း ဒေသနှင့်ကိုက်ညီသော နေကြာမျိုးများ ဖော်ထုတ်ခြင်း၊ နေကြာသီးနှံအထွက်နှုန်းနှင့် ဆီထွက်နှုန်းကောင်းမွန်စေရန် နည်းပညာများရှာဖွေခြင်း၊ ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုလျှော့ချနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်သင့်သည်။ ထိုသို့ ကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်နိုင်မှသာ စားသုံးဆီဖူလုံရေးသည် ရေရှည်တည်တံ့သော ရလဒ်တစ်ရပ်အဖြစ် ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

**နိဂုံး**

နေကြာသီးနှံသည် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် လူသားတို့၏ အာဟာရကျန်းမာရေးအတွက် အရေးပါသော ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နေကြာစိုက်ပျိုးမှုတိုးမြှင့်ခြင်းဖြင့် နေကြာဆီထုတ်လုပ်ရန်အတွက် ပြည်တွင်းကုန်ကြမ်းရရှိမှုကို မြှင့်တင်နိုင်ပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် စနစ်တကျ စီမံနိုင်ပါက ပြည်တွင်းစားသုံးဆီ ရရှိမှု တည်ငြိမ်ရေးအတွက် အထောက်အကူ ပြုနိုင်သည်။

ထို့ကြောင့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးခြင်းသည် တောင်သူ အကျိုးစီးပွားသာမက၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ အစားအစာနှင့် အာဟာရလုံခြုံရေး၊ စားသုံးသူ ကျန်းမာရေးတို့နှင့် ဆက်စပ်နေသည်။ နေကြာသီးနှံ စိုက်ပျိုးရေးသည် စိုက်ပျိုးရေး လုပ်ငန်း အပြင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် တောင်သူများ၏လူမှုစီးပွားဘဝအတွက်ပါ အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

# ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တေးဂီတဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်



ယခင်နှစ်က သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တေးဂီတဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးရဲကြည်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၏ သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၇ ရက်ထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကို ပြည်သူ့ရင်ပြင်မှာ အောက်တိုဘာ ၂၄ ရက်ကနေ အောက်တိုဘာ ၂၇ ရက်ထိ ကျင်းပသွားမှာပါ။ ဈေးရောင်းပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၇၀ လောက် ပါဝင်မှာဖြစ်ပါတယ်။ ပွဲတော်လာတွေအတွက် စားသောက်ဆိုင်တွေ ရှိမဲ့အပြင် ဖျော်ဖြေရေးအတွက်လဲ အနုပညာရှင်တွေက ဖျော်ဖြေပေးမှာပါ"ဟု ဦးစီးအရာရှိ ဦးရဲကြည်က ပြောပြသည်။

အဆိုပါပွဲတော်တွင် မီးပန်းဆိုင်းများ၊ အလှဆင်မီးများကို သစ်ပင်များတွင် ထွန်းညှိသွားမည်ဖြစ်ပြီး မီးပန်းဆိုင်းဖြင့် ရုပ်လုံးရုပ်ကြွများ၊ သရုပ်ဖော်ပြကွက်များ ပါဝင်မည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ စည်ပင်သာယာရေး အဖွဲ့များ၏ ပန်းအလှ ပြကွက်များကိုလည်း ထည့်သွင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Narcs ဟာသဇာတ်ကား၌ ကယ်လန်ဖားရစ်၊ ဂျို့မက်ကွင်းနှင့် လက်ဆီမိန်းထရီးတို့ ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၂**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Narcs အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား ကယ်လန်ဖားရစ်၊ ဂျို့မက်ကွင်းနှင့် မင်းသမီး လက်ဆီမိန်းထရီးတို့ ပါဝင်လာကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

Narcs ဇာတ်ကားတွင် အဆိုပါ သရုပ်ဆောင် သုံးဦးတို့သည် မင်းသား မေဆင်သားမက်၊ မင်းသမီး အယ်ဘရိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Narcs ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Narcs ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဖီးလစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျော်ဒန်ရှစ်ပလေနှင့် ဂျပ်စတင်းရှစ်ပလေတို့က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Narcs ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် လွှမ်းပိုင်၊ ဖြိုးမြတ်အောင်၊ မေသက်ထားဆွေ၊ ချယ်ရီသင်းတို့၏ ဘာမထီလာပြီ တေးဂီတဖျော်ဖြေပွဲကို ဇလွန်မြို့နယ်တွင် ပြုလုပ်မည်ဖြစ်

**ဇလွန် အောက်တိုဘာ ၂၂**

တေးသံရှင် လွှမ်းပိုင်၊ ဖြိုးမြတ်အောင်၊ မေသက်ထားဆွေ၊ ချယ်ရီသင်းတို့၏ ဘာမထီလာပြီ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ Royal Dragon Golf Club ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် ဖြိုးမြတ်အောင်ထံမှ သိရသည်။

အဆိုပါဘာမထီလာပြီတေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Royal Dragon Golf Club မှ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်ကာ အဆိုပါ ဘာမထီလာပြီ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ဩဘာလုပ်ငန်းစုက စီစဉ်တင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။




"ဇလွန်မြို့မှာ ဘာမထီလာပြီ အခမဲ့တေးဂီတပွဲမှာ ကျွန်တော်တို့ဂီတမောင်နှမတွေ ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ ဘာမထီလာပြီနဲ့အတူ ပျော်ရွှင်မှုတွေ အပြည့်နဲ့ ပျော်ရွှင်စရာအခိုက်အတန့်တွေကို ဖန်တီးပေးမဲ့ ဘာမထီလာပြီ တေးဂီတဖျော်ဖြေပွဲကို မိတ်ဆွေသူငယ်ချင်းတွေနဲ့အတူ လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖျော်ဖြေမှုတွေကို အတူတူခံစားရင်း ပျော်ရွှင်စရာ အမှတ်တရတွေ ဖန်တီးကြရအောင်။ ဒီအခွင့်အရေးလေးကို ပရိသတ်တွေအားလုံးပဲ လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဖြိုးမြတ်အောင်က ပြောပြသည်။

ASH

# Kung Fu Soccer ဇာတ်ကားကို အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် အိုင်ယာလန် ရုပ်ရှင်ဈေးကွက်များ၌ ရုံတင်ပြသမည်

**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်ရုပ်ရှင် ဈေးကွက်၌ အကြီးအကျယ် အောင်မြင်ခဲ့သော Kung Fu Soccer ဇာတ်ကားကို အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နှင့် အိုင်ယာလန် ရုပ်ရှင်ဈေးကွက်များ၌ အောက်တိုဘာ ၂၃ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

Kung Fu Soccer ဇာတ်ကားကို စင်ကာပူအခြေစိုက် Encore Films ကုမ္ပဏီက အဆိုပါဈေးကွက်များ၌ ရုံတင်ပြသရန် တာဝန်ယူထားကြောင်း သိရသည်။

ဒါရိုက်တာ စတီဖင်ချောင် ရိုက်ကူးထားသည့် Kung Fu Soccer ဇာတ်ကားသည် ယခုနှစ်နွေရာသီအတွင်း တရုတ်ရုပ်ရှင်ဈေးကွက်၌ အကြီးအကျယ်အောင်မြင်ခဲ့သော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားသည် တရုတ်ရုပ်ရှင်ဈေးကွက်၌ ဇွန် ၁ ရက်နှင့် ဩဂုတ် ၃၁ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၄၄ ဒသမ ၄ သန်းထိ ဝင်ငွေရရှိခဲ့သည့် Kung Fu Soccer ဇာတ်ကားသည် Shaolin Soccer ဇာတ်ကား (2001)၏ မူကွဲ ဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Forever Group က ရိုက်ကူးထုတ်လုပ်မည့် အရိုင်းစံပယ် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၂**

Forever Group က ရိုက်ကူးထုတ်လုပ်မည့် အရိုင်းစံပယ် ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီ (ရန်ကုန်) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အရိုင်းစံပယ် ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာကြီး အောင်လင်း၏ အရိုင်းစံပယ် ဝတ္ထုကို Aeternum Creative အဖွဲ့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပီပီအဏ်က တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"အရိုင်းစံပယ် ရုပ်သံဇာတ်လမ်းတွဲက တစ်ချိန်က ဦးထွန်းဝေနဲ့ အန်တီဝါဝါဝင်းရွှေတို့ ရိုက်ခဲ့သလို နောက် ဦးကျော်သူ၊ အန်တီမို့မို့မြင့်အောင်နဲ့ အန်တီတင့်တင့်ထွန်းတို့ရိုက်ခဲ့တယ်။ တစ်ချိန်က အောင်မြင်ခဲ့တဲ့ အရိုင်းစံပယ်ဇာတ်ကို ပြန်လည်ရိုက်ကူးရတာမို့ ဝေဖန်သံကော၊ ကဲ့ရဲ့သံကော၊ ချီးကျူးသံကော တစ်ပြိုင်တည်း ပြန်ကြားရမယ်လို့ ထင်ပါတယ်။ ရင်ခုန်စိတ်လှုပ်ရှားတယ် ဆိုတာထက် သူများဖန်တီးထားတာကို ပြန်ပြီးပုံဖော်ရတော့ သူများဖန်တီးထားတဲ့ အနုပညာကိုလဲ မပျက်စီး မထိခိုက်အောင်၊ ဒီဘက်ခေတ် လူငယ်တွေနဲ့လဲ ကိုက်ညီအောင် သေချာရိုက်ကူးရမှာပါ။ ခက်တဲ့အရာတွေကို လုပ်ဆောင်ရတာ သဘောကျလို့ ဒီအရိုင်းစံပယ်ဇာတ်ကို ရိုက်ဖြစ်တာပါ"ဟု ဒါရိုက်တာ ပီပီအဏ်က ပြောပြသည်။

အရိုင်းစံပယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မင်းဘုန်းမြတ်၊ ဘုန်းရှိန်ခန့်၊ ဟိန်းရတု၊ ထူးသာ၊ နန်းစန္ဒာလှထွန်း၊ နော်ဖောအယ်ထား၊ ဆက်ယွန်းတွယ်တာ၊ ရွှေပုံ၊ မေမြန်မာ၊ ဝါဝါအောင်၊ အေးသီတာနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Ceremony where President of the Republic of the Union of Myanmar U Min Aung Hlaing gives guidance to students of the Five-Year Education Degree Course (Batch 8) of the University for Development of the National Races held



**President U Min Aung Hlaing gives guidance to students of the Five-Year Education Degree Course (Batch 8) of the University for Development of the National Races.**

**Nay Pyi Taw October 22**

A ceremony where President of the Republic of the Union of Myanmar U Min Aung Hlaing gave guidance to the students of the Five-Year Education Degree Course (Batch 8) of the University for Development of the National Races took place at the Ngu Shwe Wah Hall of the Presidential Residence this afternoon.

Also present on the occasion were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, union ministers, senior military officers from Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, officials, the rector and faculty members of the UDNR.

In his guidance, the President said with the aim of generating good education staff who are able to consolidate national solidarity and ensure socioeconomic development of the nationalities, the State opened the Academy for Development of the National Races on 20 October 1964, and upgraded the academy into the University for Development of the National Races on 10 May 1991.

To this date, the UDNR has brought about a total of 14,698 teachers. Students at this ceremony will complete their course soon, and will have to serve the duties of the State. Hence, they must practically use their academic knowledge and professional skills that they have learned and mastered to shape the future of young persons of the places they are assigned to. Teachers must be aware of the fact that they are not solely responsible for educating their pupils, but also need to build their moral character and help them achieve their life goals. Teachers are the shapers of human destiny.

Education is the foundation of personal development as well as that of community development. Only a fully educated society will be able to ensure long-term progress of economic, social. health and technology sectors.

Hence, the State is prioritizing the education sector, allotting 9.22 percent of its budget for FY 2026-2027 if education expenses of other ministries are added to the original allotment for the education sector which is 6.92 percent of the total budget. The State has targeted to increase up to 10 percent for the education sector in the coming FY and 15 percent in the following year. The government in office targets to increase the education budget up to 20 percent.

The government is also making it a priority to enable all school children to attend classes, and to allow students who have completed middle school to pursue education at mechanical, agricultural, and livestock high schools. It is paving a way for qualified students of the vocation schools to pursue education in universities. It is also materializing non-formal education for youths, who are out of school due to various reasons, to enable them to resume their studies.

Upon arriving at their assigned regions, students at this ceremony must strive toward ensuring that all school-age children have access to education, that out-of-school youth can resume their learning, and that parents and local communities actively participate in these efforts.

"You cannot carve a sculpture out of rotten wood." Likewise, the qualification of teachers plays a pivotal role in setting up a high standard education. A teacher should be able to effectively disseminate his knowledge to his pupils. So, teachers must upgrade their education qualifications through constant studies. In teaching, rather than relying solely on rote memorization, educators must guide students to develop their thinking, critical analysis, and creative skills. By connecting lessons to real-life situations, students will be able to practically apply the knowledge they have acquired within their communities.

Like the slogan **"National discipline starts at school"** schools are the basic grounds where disciplined and responsible youths are born. Teachers must be careful with their conduct, behavior, and morals to serve as a model for their students. They must be fair, sincere and enthusiastic in dealing with all their students.

Myanmar is a country with diverse nationalities, languages and cultures. This diversity has enriched cultural heritage of the country, serving as valuable resources. Hence, mutual understanding, respect, trust and unity between nationalities must be further consolidated.

The Union Spirit means loving one's own ethnicity, language, and culture while respecting and valuing the cultures and traditions of other ethnic nationalities, adding that working together for the common good further strengthens the Union Spirit.

He expressed his belief that **through five years of studying together at the University for the Development of the National Races, the graduates have fostered mutual friendship and internalized the Union Spirit;** he therefore urged them **to serve as role models to cultivate affection, mutual understanding, and solidarity among ethnic people in their assigned regions.**

In line with the adage **"Today's Youth, Tomorrow's Leaders,"** youths are the new generation who will shoulder state responsibilities in the future; hence, the development of youth education, mindset, and capabilities is crucial for the nation's future, noting that according to the 2024 Population and Housing Census, youths aged 15 to 24 account for over 16 percent of the country's population.

Therefore, he urged the graduates to uncover the talents of hidden youths in their assigned regions, nurturing them not only to be rich in knowledge, skills, and morality, but also to develop physical fitness, mental resilience, and sound social relations; encouraging youths to strive with goals for their future while guiding them to become valuable contributors to their families, regions, and society.

As the graduates will soon become civil servants, it is essential for them to understand and abide by relevant laws, rules, and workplace ethics; a good civil servant must possess expertise, dutifulness, integrity, and goodwill toward the public, and in accordance with the conviction **"Only good civil servants make a good nation,"** they are urged to fulfill their duties with goodwill, passion, and self-sacrifice, noting particularly that teachers hold the respect and reliance of students and parents alike.

He emphasized that in their assigned regions, they must nurture their students to become talented and good citizens who possess the Five Strengths—Physical, Intellectual, Moral, Social, and Financial—and practice the Five Duties of a Teacher to train students to distinguish right from wrong and respect social ethics; work together to strengthen mutual affection, unity, and Union Spirit by respecting ethnic traditions and cultural heritage; and as education staff shaping the nation's future, uphold Our Three Main National Causes, serve the interests of the State and the public with their teaching expertise, and faithfully discharge their duties with full goodwill, concluding his speech with warm wishes for all graduates to become reliable national treasures for the future of the nation.



**President U Min Aung Hlaing cordially greets students.**

Afterward, a Shan girl Ma May Thwe Phoo from Hsi Hseng Township, Pa-O Self-Administered Zone, Southern Shan State, delivered a speech of thanks on behalf of the students of the Five-Year Education Degree Course (Batch 8) of the University for the Development of the National Races.

Then, two student representatives presented a commemorative gift to the President.

Afterward, the President posed for a documentary group photo together with the attendees and students, and cordially greeted and encouraged each student individually. MNA

# President U Min Aung Hlaing delivers speech at the ceremony to honour growers, producers and exporters of "Myanmar Pawsan" which won the World's Best Rice-2026 and opening of the workshop on future plans for sustainable development



**President U Min Aung Hlaing delivers a speech at the ceremony to honour growers, producers and exporters of "Myanmar Pawsan" which won the World's Best Rice-2026 and the opening of the workshop on future plans for sustainable development.**

**Nay Pyi Taw October 22**

President of the Republic of the Union of Myanmar U Min Aung Hlaing delivered an address at the ceremony to honour World's Best Rice-2026 winning Myanmar Pawsan growers, producers and exporters in conjunction with opening the workshop on future plans for sustainable development at the Convocation Hall of the Yezin University of Agriculture in Nay Pyi Taw Council Area this morning and presented awards to winners.

Also present at the ceremony were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Commander-in-Chief of Defence Services General Ye Win Oo, Union ministers and Union-level dignitaries, the Nay Pyi Taw Council Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, the president and members of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry, agricultural experts, researchers, farmers, Myanmar Pawsan producers and exporters, intellectuals and intelligentsia, teachers and students who will attend the workshop.

At the outset, youths from the Myanmar Rice Federation presented a song titled "Only when agricultural sector develops will economy boost" as part of honouring Myanmar Pawsan rice which won the **World's Best Rice-2026** award.

At the opening address, the President said that the ceremony served both to celebrate a proud milestone not only for Myanmar's agricultural sector but also for its citizens, and as a workshop to deliberate on future action plans for the sustainable development of Myanmar Pawsan rice. **Myanmar Pawsan Hmwe rice winning the World's Best Rice-2026 award for the second time** at the International Rice Conference held in Manila, Philippines, on 9 October was a proud achievement for the entire nation. Although Myanmar Pawsan is a world-class variety, its presence in the international market had dimmed over time due to various reasons. Consequently, driven by the conviction that Myanmar Pawsan must experience a renaissance and through vigorous advocacy to penetrate the global market, the concerted efforts of responsible officials culminated in this global recognition. Securing this title for the second time—15 years after its first win in 2011—stands as international reaffirmation of Myanmar Pawsan's exceptional quality, aroma, and taste.



**President U Min Aung Hlaing observes an exhibition booth.**

The country possesses a history of rice cultivation dating back thousands of years and is rich in rice genetic resources; that holding rice varieties with exceptional aroma and eating quality, such as Pawsan Hmwe and Ngakywe, is an invaluable natural heritage; that the native home of Myanmar Pawsan is the Ayeyawady Region, and since the Pawsan Hmwe variety was first bred through selective cultivation methods at the Myaungmya Agricultural Farm in 1944, it now boasts a history spanning over 80 years; and that localized varieties later developed, with Pawsan from Myaungmya, Pyapon, Pathein, Yekyi, and Shwebo becoming widely renowned for their distinctive taste and fragrant aroma.

Looking at the global rice market, Japan's high-quality rice, Thailand's Hom Mali, India's Basmati, and Vietnam's ST25 are internationally recognized as their countries' distinctive rice varieties, successfully establishing strong market value. Similarly, everyone must strive to make Myanmar Pawsan a premium national brand that reflects the dignity and prestige of Myanmar. The President also noted that everyone is well aware of how, during his visits abroad (to Russia, China, and Vietnam), opportunities at bilateral business forums were taken to actively highlight and promote the value of Myanmar Pawsan rice.

Myanmar has historically been renowned for its rice production and exports, once famously referred to as the "Rice Bowl of Asia." It was reported that during the 2025 monsoon paddy season, approximately 1.3 million acres of Paw san paddy were cultivated nationwide, yielding over 78 million baskets. If high-quality Pawsan rice can be exported as premium rice, it will not only boost foreign exchange earnings but also ensure that farmers receive fair prices and incomes.

It was emphasized that to sustain the quality of Myanmar's Pawsan rice in the long term, selecting and producing high-quality pure seeds and maintaining quality during cultivation are crucial; that soil and climate are particularly vital for preserving rice quality and must be prioritized; that suitable varieties should be systematically selected, produced, and distributed based on local soil and water conditions, climate, yield, eating quality, and market demand; and that the remaining varieties must be systematically conserved in seed banks for future breeding programmes.




**President U Min Aung Hlaing presenting an honorary medal to an official from the Myanmar Pawsan cultivation and production sector.**

These processes must be led by the Ministry of Agriculture, Livestock and Irrigation, with collaborative efforts among researchers, experts, farmers, and relevant organizations. *See Page 15*

# Vice-President Daw Nan Ni Ni Aye observes the Vidura Jataka Competition at the 27th Myanmar Traditional Cultural Performing Arts Competition




Vice-President Daw Nan Ni Ni Aye observes the Vidura Jataka Competition at the 27th Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 22**

Daw Nan Ni Ni Aye, Patron of the Organizing Committee for the 27th Myanmar Traditional Cultural Performing Arts Competition (2026), attended and watched the performance of the "Vidura" Jataka, one of the Ten Great Jatakas, at the open-air theatre of the Nay Pyi Taw City Hall under the Nay Pyi Taw Development Committee this evening.

Union ministers, the Nay Pyi Taw Council chairman, the chairman of the Anti-Corruption Commission, senior military officers and their wives, deputy ministers, members of the Nay Pyi Taw Council, departmental officials, members of the judging panels, supervisors, coaches, competing teams from regions and states, staff members and their families, and members of the public who are interested in the arts also attended and watched the competition.

First, the Vice-President warmly greeted the veteran artists serving as judges for the Jataka performance competition.

The Vice-President then joined the audience in watching the performance of the Vidura Jataka by the "Man Shwe Vidura" troupe representing Mandalay Region. The contestants performed each scene in accordance with the original script, incorporating traditional verses, poetic compositions, Ratu poems and moral teachings, along with graceful dance movements. They adapted traditional musical forms, including Pat Pyo, Kyo and Thachinkhan, to suit the changing moods and developments of the story. They also demonstrated the art of singing through Ratu, Yagan and Lay Hsat, the art of crying to portray sorrow and grief, and the art of speech to captivate listeners. Throughout the performance, they maintained proper phrasing and delivery in accordance with the script, upheld traditional Myanmar theatrical conventions and combined them with creative elements.

The Vidura Jataka is the ninth of the Ten Great Jatakas. The performance aims to help audiences understand the benefits of wisdom founded on pure and upright moral conduct; learn about and practise the four principles of Sadhunara; recognize and avoid the harmful effects and consequences of gambling; and cultivate the virtues of good people and the Seven Noble Treasures through watching and appreciating the Vidura Jataka.

At the 27th Myanmar Traditional Cultural Performing Arts Competition (2026), the Vidura Jataka competition featured the "Taw Win Othama Mahar Thabin" troupe representing Bago Region on October 21 and the "Man Shwe Vidura" troupe representing Mandalay Region today. From October 23 to 25, troupes representing Mon State, Sagaing Region and Yangon Region will continue to perform on their respective scheduled dates.

MNA

# Systematic demolition of illegal building used in online scam/gambling in Shwe Kokko (Part-II) continues

Systematic demolition continues on a 5-story building used for online gambling operations in Shwe Kokko Part-II.




Before demolition.




Demolition using heavy machinery.

**Nay Pyi Taw October 22**

The government has placed emphasis on combat against online scams and gambling as a national responsibility and carried out total and systematic demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, continued demolition of a 5-storey building to be knocked down with the use of machinery completed 70 percent today while that of another 5-stodey building completed 15 percent so far.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity of residential buildings and systematic demolition works were being carried out. Demolition of four buildings to be detonated and that of the two buildings to be knocked down with the use of machinery completed and plans were underway to systematically demolish the remaining 57 buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socioeconomic arena and national security. 100

*From Page 13*

At the same time, priority must be given to reducing production costs and ensuring consistent quality by applying scientific techniques to planting schedules, irrigation and drainage, soil improvement, and pest and disease control. Furthermore, digital agriculture, precision agriculture, and data-driven farming technologies should be adopted incrementally to suit the country's conditions. Phased action plans should be developed through discussions held during the day's workshop.

The President acknowledged that in the research sector, collaborative projects with JICA conducted from 2018 to 2024 successfully developed the new varieties **"Yezin Pawsan-1"** and **"Yezin Pawsan-2"** for year-round cultivation and high yields. It was further emphasized that these achievements must reach farmers' fields and be put into practice so that both farmers and the general public can fully benefit from research outcomes.

**The primary driving force behind this success was the hard work and dedication of the farmers working out in the fields, and heartfelt congratulations were extended to all of them.** It was emphasized that this award should serve as a prime opportunity to increase farmers' income, but producing high-quality paddy alone is not enough; securing fair prices, cutting production costs, and linking directly with markets are equally essential. Therefore, forming farmer collective groups to encourage collective farming, pooled purchasing, and joint selling should be promoted. Connecting the harvested paddy directly to millers and exporters through forward-purchasing contracts would provide farmers with stronger market guarantees. Priority must also be placed on building a robust value chain among farmers, traders, rice millers, and exporters.

In today's international rice market, while increasing production volume remains essential, quality, food safety, packaging, and brand trust have become increasingly critical. Therefore, to gain greater international recognition for **"Myanmar Pawsan,"** a branding strategy must be established based on quality consistency, traceability of origin, and building consumer trust. It was also stressed that varietal mixing and substandard quality must be prevented in products marketed under the Paw San name. To protect the brand's reputation, geographical indication systems should be studied and implemented, which would ultimately safeguard the interests of Myanmar's entire rice sector.

It was stated that for Myanmar Pawsan to maintain a sustainable presence in international markets, priority must be given not only to boosting production volume, but also to food safety, quality standards, and brand trust. Therefore, standards such as Good Agricultural Practices (GAP), Good Manufacturing Practices (GMP), and HACCP should be applied as needed, while strengthening quality-testing laboratories and certification systems. It was further emphasized that in competitive markets, simply growing crops naturally does not automatically qualify them as organic products; producers must fulfill and verify compliance with relevant official standards.

**All stakeholders must participate in preventing varietal mixing and quality adulteration to ensure a strong market position for rice sold under the name "Myanmar Pawsan."** Efforts must also continue toward discovering and expanding into new international markets, reaching new consumers through online platforms, international food exhibitions, and the hospitality and food service sectors. Furthermore, in implementing the rice export targets for the current 2026–2027 fiscal year, the role of high-grade rice must be elevated. Achieving these objectives requires collective cooperation, and relevant organizations need to draft and execute practical operational plans grounded in quality seed production, high-grade cultivation acreage, production costs, farmer income, and international market access.

Winning the World's Best Rice award for the second time by Myanmar Pawsan is a historic, proud milestone for Myanmar's agricultural sector. This achievement represents global recognition of the unique quality of Myanmar's soil, water, and indigenous paddy varieties, as well as the concerted efforts of farmers, experts, and entrepreneurs.

The State extends its profound appreciation and congratulations to all farmers, agriculturalists, researchers, millers, merchants, exporters, and relevant organizations who dedicated their efforts toward this success.

It was noted that, building upon this achievement, today's workshop is expected to establish and implement concrete goals to further enhance the quality of Myanmar Pawsan, foster sustainable development, secure a strong footing in the international market, and boost the income of farmers.

A call was made urging the government, the private sector, experts, and farmers to collaborate in unity to turn the vision of **"A New Era for Myanmar Pawsan"** into practical success.

The President then presented honorary medals to officials and farmers from various sectors, including the Pawsan export promotion sector, research sector, sustainable development sector, and cultivation and production sector.

Next, U Ye Min Aung, president of the Myanmar Rice Federation (MRF), handed over the "World's Best Rice – 2026" award to the President.

Following this, U Min Naung, Union Minister for Agriculture, Livestock and Irrigation, elaborated on the details of Myanmar Pawsan winning the award and the plans for its sustainable development.

The MRF president then explained the competition and the winning of the award, after which the President and attendees watched a video record of the 2026 International World Rice Conference.

The Union Minister for Agriculture, Livestock and Irrigation then presented a commemorative gift directly to the President in honor of Myanmar Pawsan winning the World's Best Rice Award for 2026.

Subsequently, the MRF president handed over revolving funds totaling K3.25 billion to Dr Ye Tint Tun, Deputy Minister for Agriculture, Livestock and Irrigation. This comprised K1.25 billion from the revolving fund for the rice seed sector, K1 billion from the revolving fund for Pawsan seed production, and K1 billion to upgrade the Thayaungchaung Farm (Pathein) and the Myaungmya Research Farm to establish them as modern Centers of Excellence (CoE) for Pawsan seed production and research development.

A farmer representing Pawsan cultivators and exporters then spoke, highlighting the need for state support in Pawsan production, efforts to scale up edible oil crop yields, and expressing gratitude for the state's recognition and honours bestowed upon farmers.

The President and the attendees then took a commemorative group photo.

Following the ceremony, the President and attendees toured documentary photo booths displaying Pawsan seminars; export records of Myanmar Pawsan, parboiled rice, white rice, and broken rice; paddy research activities; as well as ongoing research on pulses, maize, oilseed, kitchen crops, rubber, oil palm, and coffee. The President listened to the briefings by officials and gave necessary guidance. MNA

# Press Statement





**Daw Aung San Suu Kyi is seen communicating by telephone with her son, Mr. Kim Aris (also known as Ko Htein Linn).**

In commemoration of the Full Moon Day of Kason (Buddha Day) on 30 April 2026, the President of the Republic of the Union of Myanmar, in consideration of humanitarian concerns and as an expression of the State's goodwill and benevolence, granted Daw Aung San Suu Kyi, who is currently serving her term in Nay Pyi Taw Prison, to serve the remainder of her sentence at the designated residence.

On 3 August 2026, Daw Aung San Suu Kyi was permitted to meet with Mr. Arnaud De Baecque, Head of the Delegation of the International Committee of the Red Cross (ICRC) to Myanmar. On 19 October 2026, officials from the Ministry of Home Affairs met with Daw Aung San Suu Kyi and handed over two books along with one sealed envelope and a sealed diplomatic pouch sent by King Charles III of the United Kingdom.

On 22 October 2026, from 1430 hours to 1450 hours, Daw Aung San Suu Kyi was permitted to communicate by telephone with her son, Mr. Kim Aris (also known as Ko Htein Linn), through the Embassy of Myanmar in London. The communication was facilitated on humanitarian grounds, in accordance with the standards and procedures of the International Committee of the Red Cross (ICRC), and as a special measure exercised under the powers vested in the President of the Republic of the Union of Myanmar.

Ministry of Foreign Affairs
Nay Pyi Taw
22 October 2026

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရ "မြန်မာပေါ်ဆန်း" စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဂုဏ်ပြုပွဲနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအပေါ် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကို "မြန်မာပေါ်ဆန်း"က ရရှိမှုအထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်ကို နေရာအရောက်ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ တောင်သူလယ်သမားများ၊ မြန်မာပေါ်ဆန်းထုတ်လုပ်တင်ပို့ရောင်းချသူများ၊ အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကိုစတင်ကျင်းပရာ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုရရှိသည့် မြန်မာပေါ်ဆန်းအား ဂုဏ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လူငယ်မောင်မယ်လေးများက **"လယ်ယာမြင့်မှစီးပွားမြင့်မယ်"** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သာမက နိုင်ငံသူနိုင်ငံသားများအတွက်ပါ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ အောင်မြင်မှုတစ်ရပ်ကို ဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ မြန်မာ့ပေါ်ဆန်းဆန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအတွက် ဆွေးနွေးတိုင်ပင်ကြမည့် အလုပ်ရုံဆွေးနွေးပွဲလည်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် နိုင်ငံတကာဆန်စပါးညီလာခံတွင် **မြန်မာ့ပေါ်ဆန်းမွှေးဆန်သည် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆု (World's Best Rice-2026)ကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်း**သည် မိမိတို့တစ်နိုင်ငံလုံးအတွက် ဂုဏ်ယူဖွယ်ရာအောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်းသည် ကမ္ဘာ့အဆင့်အတန်းမီ ဆန်မျိုးကောင်းဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာဈေးကွက်တွင် သတင်းမှိန်ခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းရမည်ဟု သတ်မှတ်ပြီး ကမ္ဘာ့ဈေးကွက်ဝင်နိုင်ရေးအတွက် လှုံ့ဆော်ခဲ့ရာတွင် တာဝန်ရှိသူအသီးသီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခုကဲ့သို့ ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရခြင်းလည်းဖြစ်ကြောင်း၊ ထိုဆုကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်ရရှိခဲ့ပြီး ယခု ၁၅ နှစ်အကြာတွင် ဒုတိယအကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့ခြင်းသည် မြန်မာ့ပေါ်ဆန်း၏အရည်အသွေး၊ မွှေးရနံ့နှင့်အရသာတို့ကို နိုင်ငံတကာက ထပ်မံအသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက စပါးစိုက်ပျိုးထုတ်လုပ်လာခဲ့သည့် သမိုင်းကြောင်းရှိပြီး စပါးမျိုးဗီဇအရင်းအမြစ်ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ပေါ်ဆန်းမွှေး၏ကြွေစသည့် မွှေးရနံ့နှင့် စားသုံးမှုအရည်အသွေးကောင်းမွန်သည့် စပါးမျိုးကွဲများကို ပိုင်ဆိုင်ထားခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာ့ပေါ်ဆန်း၏ မူရင်းဒေသသည် ဧရာဝတီတိုင်းဒေသကြီးဖြစ်ပြီး ၁၉၄၄ ခုနှစ်က မြောင်းမြစိုက်ပျိုးရေးခြံတွင် မျိုးရွေးချယ်စိုက်ပျိုးမွေးမြူသည့် နည်းစနစ်ဖြင့် ပေါ်ဆန်းမွှေးမျိုးကို စတင်မွေးမြူခဲ့ခြင်းဖြစ်သဖြင့် ယနေ့ဆိုပါကနှစ်ပေါင်း ၈၀ ကျော်ကြာ သမိုင်းကြောင်းရှိလာပြီဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဒေသအလိုက်မျိုးကွဲများ ဖြစ်ထွန်းလာခဲ့ပြီး မြောင်းမြ၊ ဖျာပုံ၊ ပုသိမ်၊ ရေကြည်နှင့် ရွှေဘိုပေါ်ဆန်းတို့သည် ထူးခြားသည့်အရသာနှင့် မွှေးရနံ့တို့ကြောင့် လူသိများလာကြကြောင်း။

ကမ္ဘာ့ဆန်စပါးဈေးကွက်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဂျပန်နိုင်ငံ၏အရည်အသွေးမြင့်ဆန်များ၊ ထိုင်းနိုင်ငံ၏ Hom Mali ဆန်၊ အိန္ဒိယနိုင်ငံ၏ Basmati ဆန်နှင့် ဗီယက်နမ်နိုင်ငံ၏ ST25 တို့သည် သက်ဆိုင်ရာနိုင်ငံ၏ထူးခြားသည့် ဆန်အမျိုးအစားများအဖြစ် အသိအမှတ်ပြုခံရပြီး ဈေးကွက်တန်ဖိုးတစ်ရပ်ကို တည်ဆောက်ထားနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့ပေါ်ဆန်းသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကိုဖော်ဆောင်နိုင်သည့် အမျိုးသားအဆင့်အရည်အသွေးမြင့်ထုတ်ကုန်တစ်ခု(National Brand) ဖြစ်လာစေရန် မိမိတို့အားလုံးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်သွားရောက်ခဲ့သည့်(ရုရှား၊တရုတ်၊ဗီယက်နမ်) နိုင်ငံခြားခရီးစဉ်များ၌လည်း နှစ်နိုင်ငံစီးပွားရေးဖိုရမ်များတွင် အခွင့်အခါကြုံသည့်အခါများတွင် မြန်မာ့ပေါ်ဆန်းဆန်အကြောင်း တန်ဖိုးမြှင့်ဖော်ထုတ်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရှေးယခင်ကတည်းက ဆန်စပါးထုတ်လုပ်တင်ပို့မှုတွင် ထင်ရှားခဲ့ပြီး **"အာရှတိုက်၏ဆန်အိုးကြီး"**ဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ **၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် တစ်နိုင်ငံလုံးပေါ်ဆန်းစပါးဧက ၁ ဒသမ ၃ သန်းခန့် စိုက်ပျိုးခဲ့ပြီး တင်းပေါင်း ၇၈ သန်းကျော်ထွက်ရှိခဲ့သည်ဟု သိရကြောင်း**၊ အရည်အသွေးမြင့်ပေါ်ဆန်းဆန်များကို Premium Rice အဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများအတွက်လည်း ထိုက်တန်သည့်ဈေးနှုန်းနှင့် ဝင်ငွေရရှိစေနိုင်မည်ဖြစ်ကြောင်း။

မြန်မာ့ပေါ်ဆန်း၏ အရည်အသွေးကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်ထုတ်လုပ်ရေးနှင့် စိုက်ပျိုးချိန်တွင် အရည်အသွေးထိန်းသိမ်းရေးတို့သည် အလွန်အရေးကြီးကြောင်း၊ ဆန်အရည်အသွေးထိန်းနိုင်ရန်အတွက် မြေနှင့် ရာသီဥတုသည် အထူးပင်အရေးကြီးသဖြင့် အလေးထားရန်လိုကြောင်း၊ ရေမြေ၊ ရာသီဥတု၊ အထွက်နှုန်း၊ စားသုံးမှုအရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို အခြေခံပြီး သင့်လျော်သည့်မျိုးများကို စနစ်တကျရွေးချယ်ထုတ်လုပ် ဖြန့်ဖြူးသွားရမည်ဖြစ်ကြောင်း၊ ကျန်မျိုးကွဲများကိုလည်း အနာဂတ်မျိုးမွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့ဘဏ်တွင် စနစ်တကျထိန်းသိမ်းထားရန်လိုအပ်ကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ပြီး သုတေသီများ၊ ပညာရှင်များ၊ တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်း၌ စိုက်ပျိုးချိန်၊ ရေသွင်းရေထုတ်ခြင်း၊ မြေဆီလွှာပြုပြင်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းများတွင် သိပ္ပံနည်းကျနည်းပညာများအသုံးချပြီး ထုတ်လုပ်မှုစရိတ်လျှော့ချရေးနှင့် အရည်အသွေးတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် Digital Agriculture ၊ Precision Agriculture နှင့် အချက်အလက်အခြေပြုစိုက်ပျိုးရေးနည်းပညာများကို မိမိတို့နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီအောင် အဆင့်လိုက်အသုံးချသွားရန် လိုအပ်ကြောင်း၊ယနေ့ကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ပြီး အဆင့်လိုက် Action Plan များ ရေးဆွဲသွားကြရန်လိုကြောင်း။

သုတေသနကဏ္ဍတွင်လည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ JICA နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များမှ ရာသီမရွေးစိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းမွန်ရန် **"ရေဆင်းပေါ်ဆန်း-၁"** နှင့် **"ရေဆင်းပေါ်ဆန်း-၂"** မျိုးသစ်များကို မွေးမြူထုတ်လုပ်နိုင်ခဲ့သည်ကို အသိအမှတ်ပြုကြောင်း၊ အဆိုပါရလဒ်များကို တောင်သူများ၏လယ်ကွင်းများထိရောက်ပြီး အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သုတေသနလုပ်ငန်းများ၏ အကျိုးကျေးဇူးကို တောင်သူများနှင့် မိမိတို့ပြည်သူများ အပြည့်အဝခံစားရမည်ဖြစ်ကြောင်း။

**ယခုအောင်မြင်မှု၏ အဓိကမောင်းနှင်အားသည် လယ်ကွင်းထဲ၌ ကြိုးစားစိုက်ပျိုးခဲ့ကြသည့် တောင်သူလယ်သမားကြီးများ၏ လုပ်အားနှင့် စေတနာများကြောင့်ပင်ဖြစ်ကြောင်း**၊ ထို့ကြောင့် **တောင်သူဦးကြီးများအားလုံးကိုအထူးဂုဏ်ပြုချီးကျူးလို**ကြောင်း၊ ယခုရရှိခဲ့သည့်ဆုသည် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ရန်လိုကြောင်း၊ ထိုအတွက် အရည်အသွေးမြင့်စပါး ထုတ်လုပ်နိုင်ရုံဖြင့် မလုံလောက်ကြောင်း၊ ထိုက်တန်သည့်ဈေးနှုန်းရရှိရန်၊ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်နှင့် ဈေးကွက်ကိုတိုက်ရိုက်ချိတ်ဆက်နိုင်ရန်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် တောင်သူအစုအဖွဲ့များဖွဲ့စည်းပြီး စုပေါင်းစိုက်ပျိုး၊ စုပေါင်းဝယ်ယူ၊ စုပေါင်းရောင်းချသည့်စနစ်ကို အားပေးဆောင်ရွက်သင့်ကြောင်း၊ ထွက်ရှိလာမည့် စပါးများကိုလည်း ကြိုတင်ဝယ်ယူရေးစာချုပ်များမှ တစ်ဆင့် ဆန်စက်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များထံ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်မည်ဆိုပါက တောင်သူများအတွက် ဈေးကွက်အာမခံချက်ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ တောင်သူ၊ ကုန်သည်၊ ဆန်စက်လုပ်ငန်းရှင်နှင့် ပို့ကုန်လုပ်ငန်းရှင်များကြား ခိုင်မာသည့် တန်ဖိုးကွင်းဆက်တစ်ခု တည်ဆောက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "World's Best Rice–2026" ဆုကို လွှဲပြောင်းပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာပေါ်ဆန်းစိုက်ပျိုးရေးသုတေသနလုပ်ငန်း ထူးချွန်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

**“မြန်မာ့ပေါ်ဆန်း” အမည်ကို နိုင်ငံတကာတွင် ပိုမိုအသိအမှတ်ပြုလာစေရန် အရည်အသွေးတည်ငြိမ်မှု၊ မူရင်းဒေသအတည်ပြုနိုင်မှုနှင့် စားသုံးသူယုံကြည်မှု တည်ဆောက်နိုင်ရေးတို့ကိုအခြေခံသည့် ကုန်အမှတ်တံဆိပ်မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ရန်လိုအပ် . . .**

**မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်၊ ယခုအောင်မြင်မှုသည် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြားသည့်အရည်အသွေးနှင့် တောင်သူလယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာကအသိအမှတ်ပြုလိုက်ခြင်းဖြစ် . . .**

ယနေ့ နိုင်ငံတကာဆန်ဈေးကွက်တွင် ထုတ်လုပ်မှုပမာဏ မြှင့်တင်ရန်လိုအပ်သကဲ့သို့ အရည်အသွေး၊ အစားအစာဘေးကင်းလုံခြုံမှု၊ ထုပ်ပိုးမှုနှင့် ကုန်အမှတ်တံဆိပ်အပေါ်ယုံကြည်မှုတို့သည် အရေးကြီးလာကြောင်း၊ထို့ကြောင့် **“မြန်မာ့ပေါ်ဆန်း”** အမည်ကို နိုင်ငံတကာတွင် ပိုမိုအသိအမှတ်ပြုလာစေရန် အရည်အသွေးတည်ငြိမ်မှုမူရင်းဒေသအတည်ပြုနိုင်မှုနှင့် စားသုံးသူယုံကြည်မှုတည်ဆောက်နိုင်ရေးတို့ကို အခြေခံသည့် ကုန်အမှတ်တံဆိပ် မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပေါ်ဆန်းအမည်ဖြင့်ရောင်းချသည့် ထုတ်ကုန်များတွင် မျိုးကွဲရောနှောမှုနှင့် အရည်အသွေးမမှန်ကန်မှုများမရှိစေရန်လည်း ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်၏ ဂုဏ်သတင်းကို ကာကွယ်ရန်အတွက် ပထဝီဒေသဆိုင်ရာ အညွှန်းအမှတ်အသားစနစ်များကိုလည်း လေ့လာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာ့ဆန်စပါးကဏ္ဍတစ်ခုလုံး၏ အကျိုးစီးပွားကို ကာကွယ်ခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန်ထုတ်လုပ်မှုပမာဏတိုးမြှင့်ခြင်းအပြင် အစားအစာဘေးကင်းလုံခြုံရေး၊ အရည်အသွေးစံချိန်စံညွှန်းနှင့် ကုန်အမှတ်တံဆိပ်အပေါ် ယုံကြည်မှုတို့ကိုလည်းအလေးထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် Good Agricultural Practices (GAP)၊ Good Manufacturing Practices (GMP)နှင့် HACCP စသည့်စနစ်များကို လိုအပ်ချက်အလိုက်အသုံးချပြီး အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းများနှင့် အာမခံစနစ်များကို အားကောင်းလာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုတွင် သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးထားရုံနှင့် Organic Product အဖြစ် အလိုအလျောက်အသိအမှတ်ပြုခြင်းခံရမည်မဟုတ်သည့်အတွက် သက်ဆိုင်ရာစံချိန်စံညွှန်းများဖြင့် စစ်ဆေးအတည်ပြုမှုများကိုလည်း ပြည့်မီအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**“မြန်မာ့ပေါ်ဆန်း”အမည်ဖြင့် ရောင်းချသည့်ဆန်များတွင် ဈေးကွက်ခိုင်မာစွာရှိနေရေးအတွက် မျိုးကွဲရောနှောခြင်းများ၊ အရည်အသွေးမမှန်ကန်ခြင်းများမရှိစေရန် အားလုံးပါဝင်ထိန်းသိမ်းကြရမည်၊** နိုင်ငံတကာဈေးကွက်အသစ်များကိုလည်း ဆက်လက်ရှာဖွေချဲ့ထွင်ပြီး အွန်လိုင်းဈေးကွက်၊ နိုင်ငံတကာ အစားအစာပြပွဲများနှင့် ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်းများက တစ်ဆင့် စားသုံးသူအသစ်များဆီ ရောက်ရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လက်ရှိ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဆန်တင်ပို့မှုရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင်လည်း အရည်အသွေးမြင့်ဆန်များ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် မိမိတို့အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးမြင့် စိုက်ပျိုးဧက၊ ထုတ်လုပ်မှုစရိတ်၊ တောင်သူဝင်ငွေဖြင့် နိုင်ငံတကာဈေးကွက်ရရှိမှုတို့ကိုအခြေခံပြီး လက်တွေ့အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မြန်မာ့ပေါ်ဆန်း ကမ္ဘာ့အကောင်းဆုံး ဆန်ဆုကို ဒုတိယအကြိမ်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့စပါးမျိုးရင်းများ၏ ထူးခြားသည့်အရည်အသွေးနှင့် တောင်သူလယ်သမားများ၊ ပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာကအသိအမှတ်ပြုလိုက်ခြင်းဖြစ်ကြောင်း။

အဆိုပါအောင်မြင်မှုအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

ယခုရရှိခဲ့သည့် အောင်မြင်မှုကိုအခြေခံပြီး မြန်မာ့ပေါ်ဆန်းဆန်၏အရည်အသွေးကို ပိုမိုမြှင့်တင်ရေး၊စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဈေးကွက်တွင် ခိုင်မာစွာရပ်တည်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တိကျသေချာသည့် ရည်မှန်းချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

**“မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်”**ဆိုသည့် ရည်မှန်းချက်ကို လက်တွေ့အောင်မြင်မှုအဖြစ် ပြောင်းလဲနိုင်ရန် အစိုးရ၊ ပုဂ္ဂလိက၊ ပညာရှင်နှင့် တောင်သူဦးကြီးများ အားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာပေါ်ဆန်းပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ ဖွံ့ဖြိုးရေးစဉ်ဆက်မပြတ်ကြိုးပမ်းမှုကဏ္ဍနှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍစသည့်ကဏ္ဍအသီးသီးတို့မှ တာဝန်ရှိသူများနှင့် တောင်သူများကို ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က "World's Best Rice–2026"ဆုကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြန်မာပေါ်ဆန်းဆုရရှိမှုအခြေအနေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက မြန်မာပေါ်ဆန်းပါဝင်ယှဉ်ပြိုင်မှုနှင့်ဆုရရှိမှုကိုရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် 2026 International World Rice Conference ကျင်းပခဲ့သည့် Video မှတ်တမ်းကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဆန်ဆုကို “မြန်မာပေါ်ဆန်း”က ရရှိမှုအထိမ်းအမှတ်အဖြစ် ဂါရဝပြုလက်ဆောင်ကို နေရာအရောက်ပေးအပ်သည်။

ထို့နောက် ဆန်စပါးမျိုးစေ့ကဏ္ဍအတွက် အရင်းမပျောက်ရန်ပုံငွေမှ ၁ ဒသမ ၂၅ ဘီလီယံကျပ် လွှဲပြောင်းပေးအပ်ခြင်းနှင့် ပေါ်ဆန်းမျိုးစေ့ထုတ် လုပ်ငန်းများအတွက် အရင်းမပျောက်ရန်ပုံငွေ တစ်ဘီလီယံကျပ်၊ Center of Excellence(CoE)အဖြစ် ပေါ်ဆန်းမျိုးစေ့ထုတ်နှင့် သုတေသနလုပ်ငန်းဖွံ့ဖြိုးရေးဆောင်ရွက်ရန် သရောင်းချောင်းခြံ(ပုသိမ်)နှင့် မြောင်းမြသုတေသနခြံတို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ပြုပြင်မွမ်းမံခြင်းအတွက် တစ်ဘီလီယံကျပ် စုစုပေါင်း ၃ ဒသမ ၂၅ ဘီလီယံကျပ်ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းထံ ပေးအပ်သည်။

ယင်းနောက် ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်မှုတင်ပို့ရောင်းချသည့် တောင်သူများကိုယ်စားတောင်သူတစ်ဦးက ပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးရန်လိုအပ်မှု၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးတောင်သူများကို နိုင်ငံတော်က ချီးမြှင့်ပေးမှုများအတွက် ကျေးဇူးတင်စကားတို့ကို ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာပေါ်ဆန်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများပြခန်း၊ မြန်မာပေါ်ဆန်း၊ ပေါင်းဆန်၊ ဆန်ဖြူနှင့် ဆန်ကွဲပြည်ပတင်ပို့မှု မှတ်တမ်းဓာတ်ပုံများပြခန်း၊ စပါးသီးနှံသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုပြခန်း၊ ပဲသီးနှံ၊ ပြောင်းသီးနှံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သုံးသီးနှံများ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုပြခန်း၊ ရော်ဘာ၊ ဆီအုန်းနှင့် ကော်ဖီသီးနှံများ သုတေသနလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**ပြည်ထောင်စုစိတ်ဓာတ်ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးသကဲ့သို့ အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့်ရိုးရာဓလေ့များကိုလည်း လေးစားတန်ဖိုးထားခြင်းဖြစ်၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ပေးမည့် ပညာရေးဝန်ထမ်းများဖြစ်ကြသဖြင့် ဒီ့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့တတ်မြောက်ထားသည့် ပညာသင်ကြားရေးအတတ်ပညာနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာတာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းဆောင်ကြရန် အလေးအနက်တိုက်တွန်းလို...**

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဩဝါဒအမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် ပညာရေးဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း။

တက္ကသိုလ်အနေဖြင့် ယနေ့အချိန်ထိ သင်တန်းဆင်း ဆရာ၊ ဆရာမဦးရေ စုစုပေါင်း ၁၄၆၉၈ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့်လည်း မကြာခင်သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ သင်ယူတတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး တာဝန်ကျရာဒေသမှ ကျောင်းသားလူငယ်များ၏ အနာဂတ်ကိုပုံဖော်ပေးကြရန် မှာကြားလိုကြောင်း၊ ဆရာ၊ ဆရာမဟူသည်မှာ စာသင်ပေးရုံသာမက တပည့်များ၏ စိတ်ဓာတ်၊ အကျင့်စာရိတ္တနှင့် ဘဝရည်မှန်းချက်များကိုပါ ပုံဖော်ပေးရသူများဖြစ်သည်ကို အမြဲသတိပြုကြစေလိုပြီး မောင်တို့မယ်တို့သည် အိုးထိန်းသည်များပင်ဖြစ်ပါကြောင်း။

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်ရေးသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာရည်ပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမှသာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နည်းပညာ ကဏ္ဍများတွင် ရေရှည်တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ပေးနေပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများ၏ ပညာရေးအသုံးစရိတ်များပါ ထည့်တွက်မည်ဆိုပါက ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုရန် ခွင့်ပြုပေးထားကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် ပညာရေးအသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်ရန်၊ နောက်တစ်နှစ်ကျော်တွင် ၁၅ ရာခိုင်နှုန်းထိတိုးမြှင့်ရန် လျာထားပြီး မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း ၂၀ ရာခိုင်နှုန်းထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်းကို အသိပေးလိုကြောင်း။

ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်နိုင်ရေး၊ အလယ်တန်းပညာပြီးမြောက်သူများ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာအထက်တန်းကျောင်းများတွင် ဆက်လက်သင်ယူနိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်နေကြောင်း၊ အထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရေးနှင့် အရည်အချင်းပြည့်မီသူများကို တက္ကသိုလ်အဆင့်ထိ ဆက်လက် ပညာသင်ယူနိုင်ရေးတို့ကို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျောင်းသား၊ကျောင်းသူ နှစ်ဦးတို့က အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

လည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်နေသည့်လူငယ်များကိုလည်း သင့်လျော်သည့်အတန်းတွင် ပြန်လည်ပညာသင်ယူနိုင်ရေး ကျောင်းပြင်ပပညာရေးအစီအစဉ်များ ဆောင်ရွက်ပေးနေကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသကို ရောက်ရှိသည့်အခါ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူနိုင်ရေး၊ ကျောင်းပြင်ပရောက်ရှိနေသူများ ပြန်လည်ပညာသင်ယူနိုင်ရေးနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

သစ်အဆွေးဖြင့် ပန်းပုထု၍မရသကဲ့သို့ အဆင့်အတန်းမြင့်သည့် ပညာရေးကို တည်ဆောက်နိုင်ရေးအတွက်လည်း ဆရာ၊ဆရာမများ၏အရည်အသွေးသည် အဓိကကျကြောင်း၊ ဆရာတစ်ဦးအနေဖြင့် မိမိတတ်မြောက်ထားသည့် ပညာရပ်များကို တပည့်များထံသို့ ထိရောက်စွာ လက်ဆင့်ကမ်းပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင်လည်း စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး သင်ကြားရေးစွမ်းရည်များမြှင့်တင်နေကြရန် မှာကြားလိုကြောင်း၊ သင်ကြားရေးတွင် အလွတ်ကျက်မှတ်စေခြင်း နည်းလမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ တပည့်များ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဝေဖန်ဆန်းစစ်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းများ တိုးတက်လာအောင် လမ်းညွှန်ပေးကြရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို လက်တွေ့ဘဝနှင့် ဆက်စပ်သင်ကြားပေးခြင်းအားဖြင့် သင်ယူထားသည့်ပညာများကို လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်လာမည်ဖြစ်ကြောင်း။

အထူးသဖြင့် **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း စာသင်ကျောင်းများသည် စည်းကမ်းရှိပြီး တာဝန်သိတတ်သည့် လူငယ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံကျသည့်နေရာများဖြစ်ကြောင်း၊ ဆရာများသည် တပည့်များအတွက် စံပြပုဂ္ဂိုလ်ဖြစ်သည့်အတွက် မိမိတို့၏အပြောအဆို၊ အပြုအမူအနေအထိုင်နှင့် ကိုယ်ကျင့်တရားများကို အမြဲဆင်ခြင်ကြရန်လိုပြီး တပည့်အားလုံးအပေါ် မျှမျှတတဆက်ဆံရန်၊ ရိုးသားဖြောင့်မတ်ရန်နှင့် စိတ်စေတနာထားရန်လည်း အရေးကြီးကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ဘာသာစကားများနှင့် ယဉ်ကျေးမှုများ မတူကွဲပြားစွာတည်ရှိနေသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းမတူကွဲပြားမှုများသည် နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ကြွယ်ဝစေပြီး တန်ဖိုးရှိသည့်အရင်းအမြစ်များလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်လေးစားမှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများကို တည်ဆောက်ကြရန် လိုအပ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဟူသည်မှာ မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ချစ်မြတ်နိုးသကဲ့သို့ အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကိုလည်း လေးစားတန်ဖိုးထားခြင်းဖြစ်ကြောင်း၊ အများအကျိုးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာစေကြောင်း။

စာမျက်နှာ ၁၉ သို့

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝိဓူရဇာတ်တော်ကြီးယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းရွှေဝိဓူရ” ဇာတ်တော်ကြီးအဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “ဝိဓူရ” ဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ဒုတိယသမ္မတသည် ဇာတ်တော်ကြီးပြိုင်ပွဲတွင် အကဲဖြတ်ဆောင်ရွက်ပေးကြမည့် ဒိုင်အဖွဲ့မှ ဝါရင့်အနုပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပရိသတ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းရွှေဝိဓူရ” ဇာတ်တော်ကြီးအဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲဝင်များက အခန်းစဉ်များအလိုက် မူရင်းဇာတ်စာ၊ ပျို့လင်္ကာ၊ ရတုနှင့် ဆုံးမစာများ၊ အကအလှများ၊ ဇာတ်လမ်း၏ အနိမ့်အမြင့်အလိုက် ရှေးရိုးရာ ပတ်ပျိုး၊ ကြိုး၊ သီချင်းခံတို့ကို ရတု၊ ရကန်၊ လေးဆစ် “အဆိုပညာ”ရပ်၊ အလွမ်းအဆွေး သရုပ်ဆောင်ရာတွင် အသုံးချသည့် “အငိုပညာ”ရပ်နှင့် နားထောင်ရသူစွဲမက်စေမည့် “အပြောပညာ”ရပ်တို့ဖြင့် ဇာတ်ညွှန်းအတိုင်း ဝါကျအဖြတ်အတောက် မှန်ကန်စွာ မြန်မာ့ရိုးရာ သဘင်ကျင့်ထုံးများကို မဖောက်ဖျက်ဘဲ တီထွင်ဖန်တီးမှုများနှင့်ပေါင်းစပ်၍ ကပြယှဉ်ပြိုင်ကြသည်။

ဝိဓူရဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက်ဇာတ်တော်ကြီးဖြစ်ပြီး ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသောပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနရတရားလေးပါးအကြောင်း သိရှိနားလည်ကျင့်သုံးလိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ဆိုးပြစ်နှင့်မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှားနိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်းတရားနှင့် သူတော်ကောင်းဥစ္စာ ခုနစ်ပါးကို ပွားများနိုင်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကပြယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “ဝိဓူရ” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု တော်ဝင်ဥဿာမဟာသဘင်ဇာတ်တော်ကြီး အဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိဓူရဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း သရုပ်ဖော်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်ထိ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ ကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက် ပါဝင်သရုပ်ဖော်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

**မောင်တို့မယ်တို့သည် ဖွံ့ဖြိုးရေး တက္ကသိုလ်တွင် ငါးနှစ်ကြာအတူတကွ ပညာသင်ယူရင်း တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ရရှိခဲ့ကြကာ ပြည်ထောင်စုစိတ်ဓာတ်ကို ခံယူတတ်မြောက်ခဲ့ကြပြီးဖြစ်သည်ဟု ယုံကြည်**ကြောင်း၊ ထို့ကြောင့် **တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများကြား ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့်စည်းလုံးညီညွတ်မှုများ တိုးပွားလာအောင် မိမိတို့ကိုယ်တိုင်စံနမူနာပြပြီး ဆောင်ရွက်ကြရန် မှာကြား**လိုကြောင်း။

**“ယနေ့လူငယ် နောင်ဝယ်လူကြီး”** ဟူသည့်အတိုင်း လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏ ပညာရေး၊ စိတ်ဓာတ်နှင့် အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအနာဂတ်အတွက် အရေးကြီးကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံလူဦးရေ၏ ၁၆ ရာခိုင်နှုန်းကျော်ရှိသည်ဟု တွေ့ရှိရကြောင်း။

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသမှ ရွက်ပုန်းသီးလူငယ်များ၏ အရည်အချင်းများကိုဖော်ထုတ်ပေးကြရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာနှင့် ကိုယ်ကျင့်တရားပြည့်ဝစေရုံသာမက ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှုနှင့် လူမှုဆက်ဆံရေးကောင်းမွန်မှုတို့တွင်လည်း ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ပေးကြရမည်၊ လူငယ်များကို မိမိတို့၏အနာဂတ်အတွက် ရည်မှန်းချက်ထားပြီး ကြိုးစားတတ်သူများဖြစ်လာအောင် အားပေးကြရမည်၊ တစ်ချိန်တည်း၌ပင် မိသားစု၊ ဒေသနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သူများ ဖြစ်လာအောင်လည်း လမ်းညွှန်ပေးကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် မကြာမီနိုင်ငံ့ဝန်ထမ်းများ ဖြစ်လာကြတော့မည်ဖြစ်သဖြင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ငန်းခွင်ကျင့်ဝတ်များကို သိရှိနားလည်ပြီး လိုက်နာကြရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၌ ရှိရမည့် ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှု၊ ရိုးသားဖြောင့်မတ်မှုနှင့် အများပြည်သူအပေါ် စေတနာထားမှုတို့ရှိရမည်ဖြစ်ပြီး **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်”** ဟူသည့် ခံယူချက်နှင့်အညီ မိမိတို့၏ တာဝန်များကို စေတနာ၊ ဝါသနာနှင့် အနစ်နာခံမှုတို့ ပေါင်းစပ်ပြီး ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ အထူးသဖြင့် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ၏ လေးစားအားကိုးမှုကို ရရှိထားသူများဖြစ်ကြောင်း။

အဓိကမှာကြားလိုသည်မှာ မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများတွင် တပည့်များကို ပညာရည်ပြည့်ဝရုံသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလဟူသည့် ဗလငါးတန်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာအောင်ပြုစုပျိုးထောင်ပေးကြရန်၊ ဆရာ့ဝတ်ငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး တပည့်များကို အမှားအမှန်ခွဲခြားသိမြင်နိုင်ပြီး လူမှုကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလေးစားပြီး အပြန်အလှန်ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မောင်တို့မယ်တို့သည် နိုင်ငံတော်၏အနာဂတ်ကိုပုံဖော်ပေးမည့် ပညာရေးဝန်ထမ်းများဖြစ်ကြသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး မိမိတို့တတ်မြောက်ထားသည့် ပညာသင်ကြားရေးအတတ်ပညာနှင့် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်ကြရန်၊ မိမိတို့ကျရာတာဝန်များကို သစ္စာရှိရှိ၊ စေတနာအပြည့်ဖြင့် ကျေပွန်အောင် ထမ်းဆောင်ကြရန် အလေးအနက် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့အားလုံး အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ကြပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်မှ ရှမ်းတိုင်းရင်းသူ မမေသွယ်ဖူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးတို့က အမှတ်တရ လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ)ကျေးရွာ၊ မင်းပလောင်ကျေးရွာနှင့် သစ်သမီးကျေးရွာတို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီက ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် ခွဲခြားသတ်မှတ်ထားသည့် ရှမ်းပြည်နယ်အတွင်း (က)အုပ်စုမှ လူမှုရေးသင့်တင့်သော ဒေသများတွင်ပါဝင်သည့် ၃၁ မြို့နယ်ရှိ မြို့ပေါ် ၂၇ မြို့နှင့် ကျေးရွာအုပ်စု ၆၂ အုပ်စု၊ (ခ)အုပ်စုမှ လူမှုရေးခက်ခဲသောဒေသများတွင် ပါဝင်သည့် မြို့နယ် ၃၀ ရှိ မြို့ပေါ် ခုနစ်မြို့နှင့် ကျေးရွာအုပ်စု ၄၃၄ အုပ်စု၊ (ဂ)အုပ်စုမှ လူမှုရေးအခက်အခဲဆုံးဒေသတွင် ပါဝင်သည့် ၁၅ မြို့နယ်ရှိ မြို့ပေါ် ရှစ်မြို့နှင့် ကျေးရွာအုပ်စု ၂၇၂ အုပ်စုတို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက်၊ လစာနှုန်းထားများအလိုက် ဒေသစရိတ်များကို ယခင်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် မေ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ အရ ခံစားခွင့်ပြုထားခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉ အရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများအဖြစ် သတ်မှတ်ခံစားခွင့်ပြုထားသည့် ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါဒေသများတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ညောင်ပင်သာကျေးရွာ၊ ကျောက်တော(တ)ကျေးရွာ၊ မင်းပလောင်ကျေးရွာ၊ သစ်သမီးကျေးရွာတို့ ပါဝင်ခြင်းမရှိသည့်အတွက် အဆိုပါကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်အကျုံးမဝင်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့၏ အဓိကရေလမ်းကြောင်းဖြစ်သော ဒါးကမြစ်အတွင်း သဲသောင်ထွန်းခြင်းနှင့် နုန်းတင်ခြင်းများကြောင့် မြစ်ကြောင်းတိမ်ကောလာ၍ နှစ်စဉ်ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေခြင်းကို ကုစားနိုင်ရန်အတွက် ဒါးကမြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ဒါးကမြစ်အတွင်း နှစ်စဉ်ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်နေခြင်းသည် မြစ်အားအသုံးပြု၍ မှီတင်းနေထိုင်ကြသူတို့၏ လုပ်ဆောင်မှုကြောင့်ဖြစ်ပြီး မြစ်ကြောင်းတိမ်ကောလာမှုကို နုန်းအနည်အနှစ်များ ဖယ်ရှားပေးရန်အပြင် သက်ဆိုင်ရာဌာနများကလည်း မိမိတို့ဌာနနှင့်သက်ဆိုင်သည့် ရေကြောင်းအဟန့်အတားဖြစ်စေမည့်ကိစ္စများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒါးကမြစ်အတွင်း နုန်းအနည်များ ဖယ်ရှားပေးနိုင်ရေးဆောင်ရွက်မည်ဆိုပါက ရေကြောင်းတိုင်းတာစစ်ဆေးမှုများကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ရရှိလာသော တိုင်းတာစစ်ဆေးချက်များအရ ဆောင်ရွက်ရမည့်အစီအမံများကို ထပ်မံရေးဆွဲရမည်ဖြစ်ပါသောကြောင့် အချိန်ယူဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မြစ်တစ်လျှောက် လူနေကျေးရွာများ၊ လယ်ယာမြေများ တည်ရှိနေသဖြင့် လိုအပ်သည့်နေရာများတွင် မြစ်ကမ်းပါးကာကွယ်ရေး လုပ်ငန်းများကိုပါ တစ်ပါတည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်၍ ကုန်ကျစရိတ်များပြားပြီး ရရှိလာမည့်အကျိုးကျေးဇူးနှင့် ချိန်ဆဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ချောင်းအတွင်း ရေစီးရေလာအဟန့်အတားဖြစ်စေသည့် ငါးခြံများ၊ တရားမဝင် စွန့်ပစ်ထားသည့် အမှိုက်သရိုက်များကို သက်ဆိုင်ရာဌာနများက ပထမဆုံးဖယ်ရှားရှင်းလင်းသွားရမည်ဖြစ်ပါကြောင်း၊ ကနဦးတိုင်းတာရေးနှင့် စစ်တမ်းဆောင်ရွက်ပြီး ရလဒ်အပေါ်မူတည်၍ လိုအပ်သည့်လုပ်ငန်းစီမံချက်များရေးဆွဲကာ ကုန်ကျစရိတ်ကို တစ်ပြိုင်တည်းတွက်ချက်၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိလာသည့်ဘဏ္ဍာငွေအပေါ်မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာနှင့် လုပ်ငန်းဆိုင်ရာအကူအညီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေပေါ်တွင်ရှိသော သာသနာ့အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရန်၊ နောင်လာနောက်သားများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရန်အတွက် ချင်းတွင်းမြစ်ရေကြီးချိန် ရေဦးထိုးဒဏ်နှင့် ဝဲကတော့တိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကမ်းပြိုကာကွယ်မှုလုပ်ငန်းဖြစ်သည့် ကမ်းထိန်းနံရံ(Retaining Wall) အလျင်အမြန်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ၂၀၂၆ – ၂၀၂၇ ဖြည့်စွက်ဘတ်ဂျက်တွင် ရန်ပုံငွေထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သည် ချင်းတွင်းမြစ်အထက်ပိုင်းဒေသတွင် တည်ရှိပြီး ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေသည် ချင်းတွင်းမြစ်၏အရှေ့ဘက်ကမ်းရှိ မြင့်မားမတ်စောက်သော သဲကျောက်တောင်ပေါ်တွင် တည်ရှိကာ မြသိန်းတန်စေတီသည် ထင်ရှားသော မြို့ဦးစေတီတစ်ဆူဖြစ်ပါကြောင်း၊ မြသိန်းတန်စေတီအနီး၌ သဲကျောက်တောင်ကမ်းပါး၏အမြင့်သည် ရေစစ်မျဉ်းအထက် ပေ ၈၀ ခန့်မြင့်မားပြီး မတ်စောက်လျက်ရှိပါကြောင်း၊ မြသိန်းတန်စေတီ တည်ရှိရာနေရာ အထက်ဘက်တွင် ချင်းတွင်းမြစ်သည် အင်္ဂလိပ်အက္ခရာ "S" ပုံသဏ္ဌာန် စီးဆင်းနေပါကြောင်း။

လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေ ယခင်ဆောက်ရွက်ပြီး မြေထိန်းတံတိုင်း၏အောက်ဘက်တွင် ကမ်းပါးမြင့်မားမတ်စောက်ခြင်းနှင့် မိုးရေစီးကြောင်း ကျဆင်းခြင်းတို့ကြောင့် ယခင်တည်ဆောက်ခဲ့သည့် ကမ်းထိန်းနံရံ၏ အလျားပေ ၁၅၀ ခန့်သည် ကမ်းပါးအိကျမှုဖြစ်ပေါ်နေသည်ကိုတွေ့ရှိရပြီး သာသနာ့ကုန်းမြေနှင့် စေတီတော်အနီး မြစ်ကမ်းပါးတည်ငြိမ်ခိုင်ခံ့ရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရန်ကင်းတောင်သာသနာ့ရိပ်သာကုန်းမြေကို ချင်းတွင်းမြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန်အတွက် ကမ်းပါးအိကျနေသည့် အလျားပေ ၁၅၀ ကို လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတင်ပြတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိချိန်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) စောမြတ်ထွဋ်ဝင်း ခေါ် ကိုဆွိ၏ **ကရင်ပြည်နယ် ဘားအံမြို့ရှိ နိုင်ငံတော်ပိုင် ဘားအံလေဆိပ်ကို ပုံမှန်လေကြောင်းခရီးစဉ်များကို ထည့်သွင်းစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ဘားအံလေယာဉ်ကွင်းသည် ၂၀၁၉ ခုနှစ် နောက်ပိုင်းမှစတင်၍ ယနေ့ထိ ခုနစ်နှစ်ခန့် အသုံးပြုမှုမရှိခဲ့သဖြင့် ယခုအခါ ပြေးလမ်းမျက်နှာပြင် ပျက်စီးမှုများဖြစ်ပေါ်နေခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လေကြောင်းလိုင်းများတွင် လက်ရှိအသုံးပြုလျက်ရှိသော အငယ်ဆုံးလေယာဉ်များဖြစ်သည့် ATR 72 အမျိုးအစား လေယာဉ်များ အဆင်းအတက်ပြုလုပ်ရန် အနည်းဆုံးကွင်းအရှည် ပေ ၆၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ပြေးလမ်းချဲ့ထွင်နိုင်ရန်အတွက် လေယာဉ်ကွင်း၏ပတ်ဝန်းကျင်အခြေအနေအရ လေယာဉ်ပြေးလမ်းမြောက်ဘက်ထိပ်မှ ပေ ၄၇၀၀ ခန့်အကွာတွင်ရှိသော သာသနိကအဆောက်အအုံပေါ်တွင် တည်ထားသည့် စေတီတော်နေရာသည် လေယာဉ်ပြေးလမ်းတက်သည့်တည့်တည့်ပေါ်တွင် ကျရောက်နေပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ထားသော Obstacle Limitation Surface(OLS)အရ လွတ်ကင်းမှု မရှိသောကြောင့် လေယာဉ်များ အဆင်းအတက်ပြုလုပ်ရာတွင် အန္တရာယ်ဖြစ်စေနိုင်သဖြင့် လေယာဉ်ပြေးလမ်းကို မြောက်ဘက်သို့ တိုးချဲ့၍မရနိုင်ပါကြောင်း။

လက်ရှိအနေဖြင့် ဘားအံလေဆိပ်နှင့်အနီးဆုံးဖြစ်သည့် မော်လမြိုင်လေဆိပ်သို့ လေကြောင်းခရီးစဉ်အဖြစ် အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တို့တွင် ပြေးဆွဲလျက်ရှိရာ ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့၏ ကားလမ်းခရီးအကွာအဝေးသည် ၃၅ မိုင်ခန့်၊ ကြာချိန်အားဖြင့် တစ်နာရီခန့်သာ ကြာမြင့်မှုရှိပါသဖြင့် ဘားအံမြို့မှ လေယာဉ်ခရီးစဉ်နှင့် လိုက်ပါလိုသူများ ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့မှုရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ဘားအံလေဆိပ်သို့ ပုံမှန်လေကြောင်းခရီးစဉ်များကို ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ကန့်သတ်ချက်များရှိနေသည့်အတွက် ပုံမှန်လေယာဉ်များ ဆင်းပေး၍မရပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်နိုင်ပါက နိုင်ငံတကာမှ သင်္ဘောများဆိုက်ကပ်၍ ကုန်ပစ္စည်းများ အတင်အချပြုလုပ်နိုင်ခြင်း၊ Free Trade Zone (FTZ) ပြုလုပ်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် အခွန်ဘဏ္ဍာများပိုမိုရရှိနိုင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (International Port) တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် တည်ဆောက်ပေးရန်လျာထားမှုရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက ကော့သောင်းတွင် လက်ရှိအချိန် အလျား ၃၂၈ ပေ၊ အကျယ် ၉၈ ပေရှိသည့် ပြည်တွင်းဆိပ်ကမ်းတစ်ခု တည်ဆောက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကို ၂၀၂၈ ခုနှစ် ဇူလိုင်လတွင် ပြီးစီးရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ် မေးမြန်းသည့်နေရာ၏ မြောက်ဘက်တွင် လက်ရှိတော်ဝင်ဆိပ်ကမ်းတံတားရှိပါကြောင်း၊ အဆိုပါတံတားသည် သံကူကွန်ကရစ်ဆိပ်ကမ်းတံတားဖြစ်ပြီး သက်တမ်း ၂၈ နှစ်ရှိပြီဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ခုနှစ်တွင် စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ခုနှစ် ဒီဇင်ဘာလအတွင်းပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဆိပ်ခံတံတားနှင့် ကိုယ်စားလှယ်မေးမြန်းသည့် ဆိပ်ကမ်းတံတားနှစ်ခု၏ အကွာအဝေးသည် ၁၅ ပေသာရှိပြီး အစအဆုံး မီတာ ၂၁၀ ဖြစ်သည့်အတွက် မီတာ ၉၀ ခန့်ရှိသည့် ရေယာဉ်နှစ်စီး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတစ်ခု တည်ဆောက်မည်ဆိုပါက သတ်မှတ်ချက်များနှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ ဝင်ရောက်နိုင်သည့် ရေနက်လုံလောက်မှုနှင့် သင်္ဘောကြီးများ လှည့်နိုင်ပြီး ကပ်နိုင်၊ ခွာနိုင်မည့် အကျယ်အဝန်းရှိရမည်ဖြစ်ပါကြောင်း၊ နောက်ခံမြေအကျယ်အဝန်းများ လုံလောက်ရန် အနည်းဆုံးသတ်မှတ်ချက်သည် ၃၇ ဧကဖြစ်သော်လည်း ကိုယ်စားလှယ်မေးမြန်းသည့် နေရာသည် ၄ ဒသမ ၄ ဧကသာရှိပါကြောင်း၊ ထို့ပြင် အထောက်အကူပြုပစ္စည်းများနှင့် ကွန်တိန်နာများကို သယ်ထုတ်မည့် ကားလမ်း၊ မီးရထားလမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း တည်ဆောက်ရန်ကန့်သတ်ချက်များစွာရှိသည့်အတွက် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအစား ပြည်တွင်းကမ်းရိုးတန်းဆိပ်ကမ်းတစ်ခုကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်တည်ဆောက်လျက်ရှိပြီး ၂၀၂၈ ခုနှစ် ဇူလိုင်လတွင်ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုအား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သွားရောက်တွေ့ဆုံ



**မင့်စ် အောက်တိုဘာ ၂၂**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုအား ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော်အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များတက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ်နာတာလျာကိုချန်နိုဗာနှင့် အမျိုးသားလွှတ်တော်နိုင်ငံတကာရေးရာနှင့်အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်ခရီးစဉ်များမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းအသစ်များကိုဖန်တီးပေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံအစိုးရအဖွဲ့ချင်းသာမက နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်ပူးပေါင်း၍ ကဏ္ဍစုံကို တစ်နှစ်ထက်တစ်နှစ်တိုးတက်အောင်ဆောင်ရွက်နေမှု၊ ဘယ်လာရုစ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်နားလည်မှုနှင့် အားပေးကူညီမှုများကို နှစ်နိုင်ငံအတွက်သာမက နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် ကုလသမဂ္ဂမျက်နှာစာတွင်ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးခဲ့မှု၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ (EAEU)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SOC)နှင့် BRICS တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆက်လက်ကူညီထောက်ခံပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် Great Stone China–Belarus Industrial Park သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ Great Stone China–Belarus Industrial Parkတွင် ခေတ်မီနည်းပညာများအသုံးပြုသော သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာများ၊ "One Station" ဝန်ဆောင်မှုရုံးများ၊ ကုန်သွယ်မှု၊ ပြပွဲနှင့် ကုန်စည်ပို့ဆောင်ရေးစင်တာများ၊ အလုပ်သမားထောင်ပေါင်းများစွာ နေထိုင်နိုင်သည့် လူနေအိမ်ရာများတည်ရှိကြောင်း၊ တရုတ်၊ ဘယ်လာရုစ်၊ ရုရှားနှင့် ဥရောပသမဂ္ဂ(EU)နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများစွာက လာရောက်ရင်းနှီးမြှုပ်နှံကြပြီး မှတ်ပုံတင်ထားသည့်ကုမ္ပဏီပေါင်း ၁၇၃ ခု ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် မင့်စ်မြို့ရှိ မဟာမျိုးချစ်စစ်ပွဲသမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာစဉ်ပြတိုက်တာဝန်ရှိသူတစ်ဦးက ပြတိုက်တွင်ပြသထားရှိသည့် ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီကျူးကျော်မှုကို တွန်းလှန်ခဲ့သည့် သမိုင်းမှတ်တမ်းများ၊ စစ်လက်နက်ပစ္စည်းများ၊ တင့်ကားများ၊ တိုက်လေယာဉ်များ၊ စစ်သည်တော်များ၏ ကိုယ်ရေးကိုယ်တာပစ္စည်းများ၊ ပေးစာများ၊ ဓာတ်ပုံများကို ခေတ်မီ 3D နည်းပညာဖြင့် ပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းမှုများအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် Hi Tech Park (အဆင့်မြင့်နည်းပညာဇုန်)တွင် နည်းပညာကုမ္ပဏီပေါင်း ၁၀၀၀ ကျော်၊ ကျွမ်းကျင်ပညာရှင်ပေါင်း ၆၀၀၀၀ ကျော်ဖြင့် နိုင်ငံစီးပွားရေး (GDP)၏ သုံးရာခိုင်နှုန်းခန့်ကို ရှာဖွေပေးနေမှု၊ အထူးစီးပွားရေးနှင့် ဥပဒေရေးရာဇုန်တစ်ခုအဖြစ် လည်ပတ်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများအတွက် ဆော့ဖ်ဝဲလ်နှင့် နည်းပညာဝန်ဆောင်မှုပေးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN-K)(AM)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၄ ဖြင့် ၂၁-၄-၂၀၂၄ တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN–K)(AM)အဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ပူးပေါင်းပါဝင်ဆွေးနွေးလိုသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN–K)(AM)အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN–K) (AM)ဥက္ကဋ္ဌ ဦးအန်းမိုင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးချင်းမောင်၊ ဦးမန်ခပ်၊ ဦး Y ခွန်းမောင်၊ ဦး K ပါပီ နှင့် ဦးလန်းညိုင်တို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယခင်က NSCN –K အဖွဲ့သည် Bilateral လက်မှတ်ထိုးခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ ယခင်လာရောက်ဆွေးနွေးစဉ် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း၊ နာဂအမျိုးသားများသည် မိမိတို့၏ တိုင်းရင်းသားလူမျိုးများဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်အစိုးရကဆောင်ရွက်ပေးရန်လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်း၊ NSCN–K(AM)အဖွဲ့သည် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN–K)(AM) ဥက္ကဋ္ဌ ဦးအန်းမိုင်က ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ရန်ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့ နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုရရှိသည့်အတွက် သမိုင်းတွင်အရေးပါသောမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ဆွေးနွေးပွဲများမှရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ နောက်ကျကျန်ခဲ့မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်းနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝများကို တိုးတက်စေမည့်ရလဒ်များရရှိအောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အခြားမြို့နယ်များ ထပ်မံထည့်သွင်းဆောင်ရွက်လိုခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှတ်တော်တွင် တင်ပြဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ လေးရပ်နှင့်အညီ ဆောင်ရွက်သွားရေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ၊ ကျေးရွာအုပ်စုများကို မြို့အဖြစ်ပြောင်းလဲဖွဲ့စည်းရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ဦးစီးဌာနများ၏ သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းလမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် ပတ်သက်ပြီး လမ်းအပိုင်းလိုက် ဦးစားပေးလိုအပ်ချက် သတ်မှတ်ပြီး တင်ပြသွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသော ဒေသခံကျောင်းသား၊ကျောင်းသူများကိုသက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် ပညာရေးကျောင်းများတွင် တက်ရောက်သင်ကြားနိုင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသွားမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နယ်မြေဒေသအတွင်းရှိ တပ်မတော်၊ အစိုးရဌာနများနှင့် လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးနှင့် အောက်ခြေရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ ငြိမ်းချမ်းရေးကိုထိခိုက်စေနိုင်သော ဆောင်ရွက်နေထိုင်မှုများ မပြုလုပ်ရန် စနစ်တကျ ကြပ်မတ်ပေးရေးတို့ကို ဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ(NSCN–K)(AM)ဥက္ကဋ္ဌ ဦးအန်းမိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် ခန္တီးတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ခန္တီးတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း (၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## MCCT အစီအစဉ်နှင့် စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများကတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ၂၂-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၀ | ၅၁၅.၃ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၅ ~ ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၅၇,၂၅၂.၉၈ | ၅,၄၈၈,၀၆၅.၄၂ | ၂၉,၆၆၆,၂၀၀.၇၆ | ၂၃,၀၃၄,၀၀၀.၀၀ |

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၁၀-၄-၂၀၂၆ ရက်နေ့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်က မေတ္တာစေတနာထားသောအားဖြင့်လည်းကောင်း နေပြည်တော်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အား ကျန်ရှိသည့်ပြစ်ဒဏ်များကို သတ်မှတ်ထားသည့်နေအိမ်၌ ဆက်လက်ကျခံစေရန် ပြောင်းလဲသတ်မှတ်ပေးခဲ့ပါသည်။

၃-၈-၂၀၂၆ ရက်နေ့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အား အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude De Baqque နှင့်တွေ့ဆုံခွင့်ပြုခဲ့ပါသည်။ ၁၉-၁၀-၂၀၂၆ ရက်နေ့တွင် ဗြိတိန်နိုင်ငံ တတိယမြောက် ချားလ်စ်ဘုရင်က ပေးပို့သည့် စာအုပ် နှစ်အုပ်၊ အိတ်ပိတ်စာအိတ် တစ်အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်သည် ဒေါ်အောင်ဆန်းစုကြည်အား လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လုပ်ငန်းစဉ်များအရလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအတွင်းက ဆောင်ရွက်ပိုင်ခွင့်ရှိသော အထူးကိစ္စရပ်အနေဖြင့်လည်းကောင်း အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ကို ၎င်း၏သားဖြစ်သူ ကင်မ်အဲရစ် ခေါ် ကိုထိန်လင်းနှင့် ၂၂-၁၀-၂၀၂၆ ရက်နေ့ ၁၄၃၀ အချိန်မှ ၁၄၅၀ အချိန်ထိ လန်ဒန်မြို့ရှိ မြန်မာသံရုံးမှတစ်ဆင့် စကားပြောကြေးနန်းဖြင့် ကောင်စစ်ဆိုင်ရာ ဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်**





### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၂**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပ










နေပြည်တော် အောက်တိုဘာ ၂၂

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် “မဟာဂီတ”တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို႒ာန –၁ ရှိ နီလာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပြောင်ပြောင်နာဂိန်”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကြောက်ဖွယ့်ဘုန်းတန်း”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောင်ဇမ္ဗူပိုင်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

“ကာလပေါ်”တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို႒ာန–၁ ရှိ မြခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မဟာဗန္ဓုလ(ကိုထွန်းရွှေ)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မေတ္တာသံဝေ(လှလှရီ)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆံရစ်ဝိုင်း(ကြည်ကြည်ဝင်း)”သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအကပညာ၏ အနှစ်သာရနှင့် အနုပညာအလှတရားများကို ပေါ်လွင်ထင်ရှားစေသည့် ကကြိုးကကွက်များ၊ ဟန်ပန်အမူအရာများဖြင့် စည်းချက်ညီညီ၊ သွက်လက်ကြော့ရှင်းစွာ ကပြယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၏ တင့်တယ်ခမ်းနားမှုကို ဖော်ကျူးတင်ဆက်ကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုခြင်း)ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွေးမေမေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးပါးမြတ် ရတနာ” ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာ ထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ မြန်မာ့ရိုးရာ ဂီတအနုပညာ၏ အနှစ်သာရနှင့် သီဆိုမှုအနုပညာရသတို့ကိုပေါ်လွင်အောင် ရသစုံလင်စွာယှဉ်ပြိုင်သီဆိုကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြန်မာ့ရိုးရာဂီတအနုပညာ၏ အနှစ်သာရနှင့် တူရိယာတီးခတ်မှုစွမ်းရည်တို့ကို ပေါ်လွင်စေသည့် လက်သံပြောင်မြောက်မှု၊ စည်းချက်ညီညွတ်မှုနှင့် သံစဉ်အတက်အကျတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ သာယာနာပျော်ဖွယ်ကောင်းသည့် တီးခတ်သံများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တီးခတ်ကြသည်။

ပလွေပြိုင်ပွဲကို အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လှဲ့လှဲ့စိမ်းရောင်”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက “ဟေမဝန်ချာ”(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊

စာမျက်နှာ ၂၄ သို့

# ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးတွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါ ခွဲစိတ်ကုသမှုပေးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး အောက်တိုဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေး ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ ယူနန်ပြည်သူ့ ပြည်ပချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါခွဲစိတ် ကုသမှုပေးခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ်ရှိ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ၊ ယူနန်ပြည်နယ် ပြည်ပရောက် တရုတ်နွယ်ဖွားများရေးရာ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ယူနန်ပြည်နယ်အသင်း ဟွာရှန်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ တရုတ်ဆေးဘက်ဆိုင်ရာ အဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်၊ ယူနန်ပြည်နယ် ပြည်ပရောက် တရုတ်နွယ်ဖွားများရေးရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မေတ္တာပြုံး-မြန်မာ ခရီးစဉ်စီမံကိန်းကို ယခင်နှစ်က တရုတ်ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် ရန်ကုန်မြို့တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါ ဝေဒနာခံစားနေရသော ကလေးလူနာ ၁၆ ဦးကို အောင်မြင်စွာခွဲစိတ်ကုသခြင်း ပေးခဲ့မှု၊ အသင်းကြီး၏ ဒုတိယအကြိမ်မြောက် ခွဲစိတ်ကုသမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးတွင် ဆောင်ရွက်ပေးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခွဲစိတ်မှုခံယူကြမည့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲရောဂါ ဝေဒနာကလေးလူနာများနှင့် ၎င်းတို့၏ မိဘများကို နွေးထွေးစွာနှုတ်ဆက် အားပေးစကားများပြောကြားခဲ့ကြောင်း၊ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ စာရင်းပေးသွင်းလူနာများကို အောက်တိုဘာ ၂၀ ရက်တွင် သွေးဖောက်စစ်ဆေးခြင်း၊ ယနေ့တွင် ခွဲစိတ်မှုအတွက် စမ်းသပ်စစ်ဆေးပြီး လူနာရွေးချယ်ခြင်းများကို ဆောင်ရွက်၍ အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၅ ရက်ထိ ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

အလားတူ နံနက်ပိုင်းကလည်း မြန်မာ သက္ကရာဇ် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့၌ သာယာလှပသီတင်းကျွတ်ည ပျော်ရွှင်ဆင်နွှဲ မီးထွန်းပွဲတော်ကို ပြည်သူလူထုအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကာ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များကို အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

---

**စာမျက်နှာ ၂၃ မှအဆက်**

အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာအောင်ချာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်းလမ်းစပ်ကာ"(ကြိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောနှင့်တောင်စွယ်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဂုဏ်" (ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့"(ကြိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိ တပ်နယ်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖြေလျော့ခွေ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါနွေဆန်း" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန်းရွှေဝိဓူရဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ အစဉ်အလာကိုထိန်းသိမ်းထားသော ဆို၊ ငို၊ ပြော အနုပညာပညာရပ်များနှင့် အကအလှများကို အချိုးညီညီပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေအသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲများသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဝန်ထမ်း မိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့်သတ်မှတ်ချက်အနေဖြင့် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားပြီး နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် အောက်တိုဘာ ၂၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ ဒုတိယနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ












# မြစ်ကြီးနားမြို့၊ တွံတေးမြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေးဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်တွင် သံဃာတော် အပါး ၇၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အဆိုပါကျေးရွာရှိ ပုဗ္ဗါရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

**✱ လက်ဝှေ့ပြိုင်ပွဲမှ**

အမျိုးသား ၅၁၊ ၅၇၊ ၆၇၊ ၇၁၊ ၇၅ ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး ၅၂၊ ၅၄၊ ၅၇၊ ၆၀ ကီလိုတန်း ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းမှ ထက်မြတ်လွင်က မကွေးတိုင်းဒေသကြီး အသင်းမှ ထက်နိုင်အောင်ကိုလည်းကောင်း၊၅၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဇဖဲတန်က မွန်ပြည်နယ်အသင်းမှ ရဲဇော်ကိုလည်းကောင်း၊ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်မင်းကိုက မန္တလေးတိုင်းဒေသကြီး အသင်းမှ အောင်မြင့်ထွန်းကိုလည်းကောင်း၊ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းမှ စည်သူထက်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စချစ်လင်းဇော်ကိုလည်းကောင်း၊ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ စောဒဲနစ်ဇစ်တာဝါးက မန္တလေးတိုင်းဒေသကြီး အသင်းမှ ရဲလွင်ထွန်းကိုလည်းကောင်း၊ ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၅၂ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ငွေးငွေးဇော်က ဧရာဝတီတိုင်းဒေသကြီး အသင်းမှ နော်ဗစ်တိုရီကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ညောင်ရှမ်းဟွဲ့က ကရင်ပြည်နယ်အသင်းမှ နန်းခင်နှင်းထက်ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ မာလာစိုးက ကရင်ပြည်နယ်အသင်းမှ နန်းနွဲ့နွဲ့နှောင်းကိုလည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် တနင်္သာရီတိုင်း ဒေသကြီးအသင်းမှ သော်တာဦးက ရှမ်းပြည်နယ်အသင်းမှ မူနှင်းအေးကို လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက် **(ယနေ့)**မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးမှ**

နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ ယုတ်မာရိုင်းစိုင်းစွာကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာ ၃၀ ရက် ညဉ့်သန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း (Control Room)ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ဆောင်နိုင်ကြီးခွဲရုံမှ ဓာတ်အားပေးထားသော ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေး၊ ဝင်းကလောကျေးရွာတို့တွင် ဓာတ်အားပြတ်တောက်ခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ၃၃ ကေဗွီ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများသည် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းပြီး အောက်တိုဘာ ၁၉ ရက်တွင် ဗုံးစထိမှန်ပျက်စီးခဲ့သော Control Room အတွင်း ဆက်သွယ်ထားသည့် ၃၃ ကေဗွီနှင့် ၁၁ ကေဗွီထိန်းချုပ် (Control) ကေဘယ်လ်ကြိုးများ၊ ၁၁ ကေဗွီ Station ဖီဒါရှိ Power Cable များကို ပြန်လည်ပြုပြင်ခြင်း၊ လိုအပ်သောပစ္စည်းများ အသစ်အစားထိုး ပြုပြင်တပ်ဆင်ခြင်းများနှင့် အဆောက်အအုံအတွင်း ထိခိုက်ပျက်စီးမှုများကို ပြုပြင်ခြင်းများဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေး၊ ဝင်းကလောကျေးရွာတို့တွင် ယင်းနေ့ညနေပိုင်းတွင် ပုံမှန်အတိုင်း ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**









၃၃ ကေဗွီ ဆောင်နိုင်ကြီး ဓာတ်အားခွဲရုံရှိ Control Room ဘေးသို့ ဒရုန်းဗုံးနှစ်လုံး ကျရောက်ပေါက်ကွဲမှုကြောင့် ခွဲရုံထရန်စဖော်မာ Panel အတွင်းသို့ ဗုံးစဝင်ရောက်ထိမှန်၍ Control Cable များပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

**◆ ငွေတံဆိပ်ဆုဆွတ်ခူးမှ**

အားကစားသမား တစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရေကူးအားကစားသမား ညီညီလင်းထက်က သုံးမိနစ် (၀၁ ဒသမ ၂၃) စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ အနေဖြင့် အောက်တိုဘာ ၂၂ ရက်ထိ ပြိုင်ပွဲများအပြီး၌ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်းဆုတံဆိပ် လေးခု ဆွတ်ခူးရရှိထားပြီး အောက်တိုဘာ ၂၃ ရက်တွင် မြန်မာအသင်းမှ ရေကူးကစားသမား ညီညီလင်းထက်က မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲကို ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့ Jinan တက္ကသိုလ်၌ စုပေါင်းဓာတ်ပုံရိုက်စဉ်။

❖ လေ့လာရေးခရီးစဉ်မှ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောက်ရှိစဉ်အတွင်း အောက်တိုဘာ ၁၇ ရက်တွင် ကောင်းကင်ဘုံဗိမာန်ပန်းခြံနှင့် ဝမ်ဖူကျင်လမ်းလျှောက်ဈေးကို သွားရောက်လည်ပတ်ကြပြီး အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အအုံများ၏ ညရှုခင်းကိုကြည့်ရှုလေ့လာကြသည်။ အောက်တိုဘာ ၁၈ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး(Great Wall)သို့သွားရောက်လေ့လာကြပြီး Depart for City Center သို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ အောက်တိုဘာ ၁၉ ရက်တွင် လင်ကွမ်းဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓစွယ်တော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Summer Palace နွေရာသီနန်းတော်ကို လေ့လာခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် Guangzhou Zoological Garden သို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ညနေပိုင်းတွင် Goodchains ကုမ္ပဏီ၏ ကွမ်ကျိုးလေဆိပ်ရှိလုပ်ငန်းများနှင့် Xiaobai Supply Chain လုပ်ငန်းကိုလေ့လာခဲ့ကြသည်။ အောက်တိုဘာ ၂၁ ရက်တွင် Jinan တက္ကသိုလ်ကို လေ့လာခြင်း၊ Baima မြို့လည်ပတ်ခြင်းနှင့်ဈေးဝယ်ခြင်း၊ Canton Tower ကို လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့မှုနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောကြားသိရပါသည်-

''ကျွန်တော်ကတော့ ဒုတိယတပ်ကြပ်ကြည့်စုံဖြိုးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ် (၂) မိတ္ထီလာပညာရေးကျောင်းမှာတက်ရောက်ခဲ့ပြီး သုံးဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သည့်အတွက် တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်ကို ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျွန်တော်နဲ့အတူ စစ်သည်တစ်ဦး၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေလဲ ပါဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ဂရိတ်ဝေါလ် (Great Wall)ပေါ်ကိုသွားရောက်လည်ပတ်ခဲ့ပါတယ်။ လင်ကွမ်းဘုရားကျောင်းကိုလဲ



သွားရောက်ခဲ့ပြီးတော့ ဗုဒ္ဓမြတ်စွယ်တော်ကိုလဲ ဖူးမြော်ကြည်ညိုခဲ့ကြပါတယ်။ ကျွန်တော်တို့ အနှစ်သက်ဆုံးလည်ပတ်ခဲ့တဲ့နေရာမှာ အကြိုက်ဆုံးကတော့ Summer Palace (နွေရာသီနန်းတော်)။ အဲဒီမှာတော့ ရာသီဥတုလဲ မှုမှုတတဖြစ်တယ်၊ အရမ်းကြီး အေးတာမျိုးမဖြစ်ဘူး။ ဒီခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိတဲ့ လူကြီးအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်''ဟု ပြောသည်။

''သမီးက ၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ အမှတ်ပေါင်း ၅၄၂ မှတ်ရရှိခဲ့တဲ့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီး သွားရောက်လည်ပတ်ခွင့်ရခဲ့တာပဲဖြစ်ပါတယ်။ ဒီခရီးစဉ်တစ်လျှောက်လုံးမှာ သမီးတို့ သူငယ်ချင်းတွေအများကြီးနဲ့လဲ တွေ့ခွင့်ရတယ်။ ပျော်ရွှင်စရာအမှတ်တရတွေကိုလဲ ဖန်တီးခွင့်ရခဲ့တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ယဉ်ကျေးမှုတွေကိုလဲ လေ့လာခွင့်ရခဲ့တဲ့အတွက် သမီးအနေနဲ့ အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ Great Wall၊ The Temple of the Heaven၊ Canton Tower ဗုဒ္ဓစွယ်တော်တို့ကိုလဲ သွားရောက်ဖူးမြော်ခွင့်ရခဲ့ပါတယ်။ အဲဒါလိုရှိရင် သမီးတို့



အတွက် တကယ်ကို မမေ့နိုင်စရာအမှတ်တရတွေဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီခရီးစဉ် ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တာဝန်ရှိသူအားလုံးကို သမီးကအထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်''ဟု ပြောသည်။ (၅၀၁)

❑ မြေရေလောင်တမံမှ

တမံအိုလျှောနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းများ မခံရစေရန်အတွက် မိုးရေကာဖျင်များဖြင့် စနစ်တကျအုပ်မိုးကာကွယ်ထားရှိမှု၊ ဘူမိရူပဗေဒတိုင်းတာခြင်းလုပ်ငန်းအနေဖြင့် Resistivity Method (လျှပ်စစ်ခုခံမှုစမ်းသပ်ခြင်းနည်းလမ်း) ကိုအသုံးပြု၍ မြေပေါ်မှကြိမ်နှုန်းနိမ့်လျှပ်စစ်(Low Frequency Alternating Current) ကို အောက်ခံမြေလွှာ၊ ကျောက်လွှာများအတွင်း ဖြတ်သန်းစေပြီး ရေပါဝင်မှုနှင့် မြေလွှာ၊ ကျောက်လွှာများ၏ အပျော့အမာပေါ်မူတည်၍ ဖြစ်ပေါ်လာသော လျှပ်စစ်ခုခံမှုကိန်းဂဏန်းများကို အခြေခံတွက်ချက်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နေမှု၊ တမံအတွင်းရှိ သိုလှောင်ရေများကို ပိုမိုလျှော့ချနိုင်ရန် အရေးပေါ်ရေပိုလွှဲရေဆင်းလမ်းကြောင်း အောက်ကြမ်းခင်းနှင့် ဘေးနံရံဖက်ချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အချင်း ၁၀ လက်မရှိ ရေပိုက်သုံးစုံကို အသုံးပြု၍ ဆိုင်ဖွန် (Syphon) နည်းဖြင့် ရေထုတ်လွှတ်လျက်ရှိမှု၊ မြေသားတမံကို ပိုမိုအားဖြစ်စေရန်အတွက် မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး(Rock Toe)ကို ထည့်သွင်းတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများတွင် ပါဝင်ကူညီနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံပြည်သူများကို ဒံပေါက်၊ သောက်ရေသန့်များ၊ မုန့်များ ပေးဝေခဲ့သည်။

အဆိုပါမြေရေလောင်တမံ၏တာတမံအိုလျှောကျမှု ဖြစ်ပွားသည့်နေရာကို ကျောဘက်မှ မြေသားထောက်ခြင်းလုပ်ငန်းကို နိမ့်မြင့်အမှတ် ၂၃၃ ပေ၊ ပေ ၂၅၀၊ ၂၆၆ ပေ စသည်ဖြင့် အဆင့်ဆင့် ထောက်ကန်ထားပြီးဖြစ်သည့်အပြင် ရေစစ်ကျောက်ရိုးဖြင့်ထောက်ခြင်းကို နိမ့်မြင့်အမှတ် ၂၃၃ ပေထိ ထောက်ထားပြီးဖြစ်ပြီး ဆက်လက်၍ ရေလောင်တမံအတွင်းရေ၏ အခြေအနေအပေါ်မူတည်၍ မြေသားထောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ မြေရေလောင်တမံ မြေသားတာပေါင် နိမ့်ကျမှုကြောင့် ရေဝင်ရောက်နိုင်သည့်အတွက် မြန်အောင်မြို့နယ် ဝက်ပါကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆီခြိုက်နက်ကျေးရွာတွင် ယာယီကျောင်းဆောင် ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းခဲ့ရသည့် ဒေသခံပြည်သူများကို တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြေရေလောင်တမံ တမံအောက်ပိုင်း အိုလျှောကျမှုကို ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး စိုးရိမ်ဖွယ်အခြေအနေမရှိတော့သဖြင့် မိမိတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးဝေခဲ့သည်။

ထိုမှတစ်ဆင့် အင်္ဂပူမြို့နယ် ထန်းပင်ကန်-ကွင်းကောက်လမ်း မူလ ၁၂ ပေမှ ၁၈ ပေအကျယ် နှစ်ဖာလုံ လမ်းချဲ့ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစား ယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကိုဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့ထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့တွင် ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟို)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။










ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံ စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများကို ၎င်းတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး

နေပြည်တော် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၀ ဒသမ ၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၄ ဒသမ ၅ ပေခန့် ရေထုတ်လွှတ် လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံကျိုးပေါက်မှုအန္တရာယ်စိုးရိမ်ဖွယ်မရှိတော့သဖြင့် ရေလှောင်တမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့်နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ယာယီရေဘေးကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(ဗဟို)


အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

# ဝမ်းတွင်းကနေမိတ္ထီလာ ခရီးကသာယာ

သက်နိုင်(ပြင်ဦးလွင်)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုပြီးစီးသွားတဲ့ ကျောင်းသူတစ်ဦးကို သွားရောက်ကြိုဆိုပေးရတဲ့ခရီးစဉ်မှာ လမ်းခရီးတစ်ဝက် ကူမဲမြို့ကိုရောက်ရှိနေပါပြီ။ ပြင်ဦးလွင်မြို့မှာကတည်းက မနက်စာကိုစားသောက်လာကြပြီးဖြစ်လို့ ကူမဲမြို့မှာ မရပ်မနား၊ မစားမသောက်ကြတော့ဘဲ ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ ကူမဲမြို့ကို ကျော်လွန်လာပြီး မိုင်အနည်းငယ်၊ မိနစ်ပိုင်းလေးအတွင်းမှာ ကူမဲမြို့နဲ့ မြစ်သားမြို့နယ်နယ်နိမိတ်ကုန်ဆုံးသွားပြီး ဝမ်းတွင်းမြို့နယ်ထဲကို ဝင်ရောက်လာတယ်။ မြို့နယ်နှစ်ခုစလုံးက မန္တလေးတိုင်းဒေသကြီးအတွင်းမှာဖြစ်ပါတယ်။ မြစ်သားမြို့နယ်နဲ့ ဝမ်းတွင်းမြို့နယ်ကို ကူမဲမြို့အနီးမှာရှိနေတဲ့ ချောင်းကလေးတစ်ခုနဲ့ ပိုင်းခြားထားတယ်။

ခရီးလမ်းကြောင်းအရ ဝမ်းတွင်းမြို့နယ်ထဲ ဝင်ရောက်လာပြီဖြစ်လို့ မကြာခင်အချိန်ပိုင်းမှာ လှိုင်းတွေအပြိုင်းပြိုင်းထနေတဲ့လမ်းကို မောင်းရတော့မယ်ဆိုပြီး ထင်မှတ်ထားလိုက်မိတယ်။ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်တွေက အလွန်ပူပြင်းကြသလို နွေကာလအပူချိန်မြင့်မားတဲ့အခါတွေမှာ လမ်းပေါ်ခင်းထားတဲ့ကတ္တရာတွေ အရည်ပျော်ပြီး လမ်းရဲ့အခြေအနေတွေကလဲ မညီမညာနဲ့ မြေလှိုင်းဖြစ်ပေါ်လာရတော့တယ်။ လှိုင်းတွေများပြားတဲ့ ဒီလမ်းပေါ်မှာ အရင်တုန်းက မကြာခဏမောင်းနှင်ခဲ့ဖူးပါတယ်။ ဒီလမ်းပိုင်းနေရာကို မကြာခင်ရောက်ရှိတော့မှာပါ။

ဒါပေမဲ့ တကယ်ရောက်ရှိမောင်းနှင်ရတဲ့အခါ လမ်းတွေက အရင်လို ကတ္တရာခင်း၊ လှိုင်းတွေထနေတာမျိုးမဟုတ်တော့ဘဲ ညီညာပြန့်ပြူးတဲ့ကွန်ကရစ်လမ်းကြီးအဖြစ် ပြောင်းလဲသွားတာကို တွေ့မြင်လိုက်ရတယ်။ နွေရာသီမှာ ပြင်းထန်လှတဲ့နေအပူရှိန်ကြောင့် ပျက်စီးနေကြတဲ့ ကတ္တရာခင်းလမ်းတွေကို ဒီလိုကွန်ကရစ်ခင်းလမ်းတွေနဲ့ အစားထိုးပြင်ဆင်တည်ဆောက်နေတာက ဝမ်းသာစရာပါ။ ပြုပြင်မွမ်းမံတည်ဆောက်ပြီးဖြစ်တဲ့ ကွန်ကရစ်လမ်းမကြီးပေါ်ကနေ ကားကို ကောင်းကောင်းမွန်မွန်မြန်မြန်ဆန်ဆန်မောင်းလို့ရနေတယ်။ အရင်လိုလှိုင်းတွေကြောင့် တဂျိမ်းဂျိမ်းနဲ့ သတိထားမောင်းနေစရာမလိုတော့ပါဘူး။ ဒါပေမဲ့ ကူမဲမြို့နဲ့ ဝမ်းတွင်းမြို့က ခရီးမိုင်ရှည်လျားပြီး မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့တဲ့ဒေသဖြစ်နေတာကြောင့် ကားမောင်းရတာ ပျင်းစရာကောင်းနေတယ်။ ဒါကြောင့် သီချင်းတွေဖွင့်ရင်း၊ အတူလိုက်ပါလာကြတဲ့ သူငယ်ချင်းနဲ့ မိသားစုတွေကိုစကားပြောရင်း မပျင်းရအောင်၊ အိပ်မငိုက်ရအောင် မောင်းလာခဲ့ရတယ်။

လမ်းတွေက အလွန်ကောင်းသွားပြီဖြစ်လို့ ဝမ်းတွင်းမြို့ကို မကြာခင်မှာ ရောက်ရှိလာတယ်။ မြို့အဝင်ဆိုင်းဘုတ်ရှိတဲ့နေရာကို ရောက်တော့လဲ အရင်ဆိုင်းဘုတ်ကြီးမဟုတ်တော့ဘဲ အသစ်ပြောင်းလဲပြုလုပ်ထားတာကို သတိထားမိလိုက်တယ်။ အရင်ဆိုင်းဘုတ်ဟောင်းက အနီရောင်အောက်ခံပေါ်မှာ အဝါရောင်စာလုံးတွေနဲ့ ဝမ်းတွင်းမြို့မှကြိုဆိုပါ၏ဆိုပြီး ရေးသားထားတာပါ။ အခုဆိုင်းဘုတ်အသစ်က မန္တလေးတိုင်းဒေသကြီးရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ မြို့ရိုးပြာသာဒ်တွေနဲ့အတူ ခံ့ခံ့ညားညားထည်ထည်ဝါဝါပြုလုပ်ထားသလို ဆေးရောင်တွေကိုလဲ အစိမ်းနု၊ အပြာနုတွေ၊ ရွှေအိုရောင်တွေနဲ့ ပြောင်းလဲသုံးစွဲထားတာကို တွေ့မြင်နေရတယ်။

မြို့အဝင်ဆိုင်းဘုတ်ကို ကျော်လွန်ပြီးတာနဲ့ ဝမ်းတွင်းမြို့ကို ဝင်ရောက်လာခဲ့တယ်။ မြို့သမိုင်းတွေရဲ့အဆိုအရ ဝမ်းတွင်းဆိုတာ ဝမ်းထွင်းကနေဖြစ်ပေါ်ဆင်းသက်လာကြောင်း သိရတယ်။ အနော်ရထာမင်းရဲ့အမျက်တော်ရှခံရပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေရတဲ့ ကျန်စစ်သားမင်းက အခုဝမ်းတွင်းနေရာဒေသမှာ ကျွဲရိုင်းကြီးတစ်ကောင်နဲ့ ရင်ဆိုင်တွေ့ကြုံခဲ့ရတယ်။ ဒီအခါမှာ ကျန်စစ်သားက ကျွဲရိုင်းကြီးရဲ့ဝမ်းကို လှံတံနဲ့ထိုးထွင်းခဲ့တာကြောင့်



ဒီနေရာအရပ်ကို ဝမ်းထွင်းဆိုပြီး ခေါ်ဆိုလာခဲ့ရာကနေ နောက်ပိုင်းကာလတွေမှာ ဝမ်းတွင်းဖြစ်လာကြောင်း မြို့သမိုင်းမှတ်တမ်းတွေက ဆိုပါတယ်။

ဝမ်းတွင်းမြို့က ရှေးယခင်ကတည်းကစပြီး ယနေ့အချိန်ထိ ရက်ကန်းလုပ်ငန်းတွေ၊ ချည်ထည်လုပ်ငန်းတွေ၊ အဓိကအားဖြင့် အမျိုးသား(ကျား)ဝတ်ပုဆိုးတွေထုတ်လုပ်တာနဲ့ နာမည်ကျော်ကြားပါတယ်။ မြို့တွင်းကိုရောက်တာနဲ့ ချည်ထည်လုပ်ငန်းတွေဖြစ်တဲ့ ကျားဝတ်ပုဆိုးရောင်းချတဲ့ဆိုင်ကြီး၊ လုပ်ငန်းကြီးတွေက အရင်လောက် အများအပြားမဟုတ်တော့ဘဲ လျော့နည်းသွားတာကို သတိထားမိလိုက်တယ်။ တစ်ခေတ်တစ်ခါက နာမည်ကျော်ခဲ့တဲ့ လုပ်ငန်းကြီးတချို့တောင် မရှိကြတော့ပါဘူး။ ဝမ်းတွင်းမြို့က ရက်ကန်းနဲ့ချည်ထည်လုပ်ငန်းတွေ သာမက ဆည်ရေရရှိမှုတွေကနေတစ်ဆင့် စိုက်ပျိုးရေးလုပ်ငန်းတွေကိုလဲ လုပ်ကိုင်ဆောင်ရွက်ကြတယ်။ ဝမ်းတွင်းမြို့နယ်အတွင်းမှာ ဦးဘိုးထွန်းဆည်၊ တောင်ပုလုဆည်နဲ့ အလောင်းစည်သူဆည်တွေရှိနေကြတယ်။ ဝမ်းတွင်းနဲ့တစ်ဆက်တည်း သဲတောက ငရုတ်သီးထွက်ရာဒေသအဖြစ် မြို့သမိုင်းမှာတွေ့ရှိရပေမဲ့ မုန့်ကြွပ်က ပိုပြီးနာမည်ကြီးပါတယ်။ သဲတောမုန့်ကြွပ်ကို လူတိုင်းသိကြသလို သဲတောလို့ဆိုလိုက်တာနဲ့ မုန့်ကြွပ်ကို သတိရသွားလေ့ရှိကြတယ်။ အရင်တုန်းက ရန်ကုန်-မန္တလေးကို ရထားနဲ့ခရီးသွားခဲ့ရတဲ့အချိန်က သဲတောဘူတာနဲ့အနီးဝန်းကျင်ဘူတာတွေကိုရောက်တာနဲ့ ရထားပေါ်ကို မုန့်ကြွပ်ရောင်းတဲ့သူတွေ တက်ရောက်လာကြတာကို မှတ်မိနေပါသေးတယ်။

ဝမ်းတွင်းက ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်မှာရှိနေသလို သဲတောကတော့ လမ်းမကြီးကနေအတွင်းထဲဝင်သွားရပြီး မီးရထားလမ်းဘေးမှာတည်ရှိနေတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့၊ ရွာတွေကို ယှဉ်တွဲခေါ်ဆိုကြတဲ့အထဲမှာ သဲတော၊ ဝမ်းတွင်းက တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဝမ်းတွင်းမြို့ရဲ့လမ်းမကြီးတစ်လျှောက်မှာ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေကို တွေ့မြင်နေရပေမဲ့ ရပ်နားခြင်းမပြုတော့ဘဲ မိတ္ထီလာမြို့ရှိရာကို ဆက်လက်မောင်းနှင်လာခဲ့တယ်။ မြို့တွင်းနေရာတိုင်းနီးပါးမှာ ကုက္ကိုပင်တွေ၊ တမာပင်တွေ၊ ထနောင်းပင်တွေနဲ့ အရိပ်အာဝါသကောင်းလှတဲ့ ဝမ်းတွင်းမြို့က နောက်မှာကျန်ရစ်နေခဲ့ပါပြီ။ မိတ္ထီလာမြို့ကို ရောက်အောင် နောက်ထပ် မိုင် ၂၀ ဆက်လက်မောင်းရပါအုံးမယ်။ ဒါပေမဲ့ မိမိတို့က မိတ္ထီလာမြို့မရောက်ခင် ရှမ်းတဲအနီးက စီးပွားရေးတက္ကသိုလ်ကို သွားကြရမှာဖြစ်လို့ မိုင် ၂၀ ထိ မောင်းရတော့မှာမဟုတ်ပါဘူး။

ကူမဲမြို့နဲ့ ဝမ်းတွင်းမြို့ကြားမှာ ယာဉ်သွားယာဉ်လာတွေနည်းပြီး လမ်းက အနည်းငယ်ရှင်းနေပေမဲ့ ဝမ်းတွင်းကနေ မိတ္ထီလာကိုမောင်းလာတဲ့အခါ အသွားအလာများလာတာကို သတိထားမိလိုက်တယ်။ ဒါ့ပြင် ကုန်တင်ကားကြီးတွေကို မကြာခဏတွေ့မြင်လာရတယ်။ ပတ်ဝန်းကျင်မှာရှိနေတဲ့ရှုခင်းတွေကို လေ့လာကြည့်ရှုမောင်းနှင်နေရင်းနဲ့ မကြာခင်မှာ သာစည်-ကလော-တောင်ကြီးလမ်းခွဲရောက်လာခဲ့တယ်။ အဲဒီလမ်းပေါ်မှာတော့ ကုန်တင်ကားကြီးတွေ အများအပြားတန်းစီပြီးသွားလာနေကြတာပါ။ ဒီခရီးလမ်းကိုလဲ အရင်ကတည်းက ဖြတ်သန်းမောင်းနှင်ဖူးနေပါတယ်။

သာစည်-ကလော-တောင်ကြီးလမ်းခွဲကိုကျော်လွန်ပြီးတာနဲ့ လမ်းက ပိုမိုရှုပ်ထွေးလာခဲ့တယ်။ မိတ္ထီလာ ရှမ်းတဲနဲ့လဲ နီးကပ်လို့လာပါပြီ။ ဒီအချိန်မှာ ကျောင်းကနေစောင့်ဆိုင်းနေတဲ့ကလေးနဲ့ ဖုန်းဆက်ပြီး ဆက်သွယ်ရတယ်။ စီးပွားရေးတက္ကသိုလ်ကို ဘယ်လမ်းကနေဝင်လာခဲ့ရမလဲ၊ ဘယ်နေရာမှာ စောင့်ဆိုင်းနေသလဲဆိုတာတွေပါ။ ကျောင်းသူကလေးက အမှတ်(၂)လမ်းကနေ ဝင်လို့မရဘူး၊ လမ်းတွေပျက်နေတယ်၊ အမှတ်(၃)လမ်းကနေ ဝင်ခဲ့ပါဆိုတာကြောင့် တက္ကသိုလ်ရောက်ခါနီးထိ ဖြည်းဖြည်းနဲ့ မှန်မှန်မောင်းလာခဲ့ရပြီး အမှတ်(၃)လမ်းကိုရောက်မှ ချိုးဝင်မောင်းနှင်လာခဲ့ရတယ်။ တက္ကသိုလ်က စက်မှုဇုန်တွေအနီးမှာပါ။ ဒါကြောင့်လဲ ဒီနေရာမှာ ကျောင်းသား၊ ကျောင်းသူတွေ၊ စားသောက်ဆိုင်တွေနဲ့ အခြားဆိုင်ပေါင်းစုံတွေ၊ စက်မှုဇုန်ကို ဝင်ထွက်သွားလာလုပ်ကိုင်နေကြသူတွေနဲ့ စည်ကားနေတယ်။

ကျောင်းသူကလေးပြောတဲ့အတိုင်း အမှတ်(၃)လမ်းကနေ ဝင်သွားပြီး တက္ကသိုလ်ရှေ့ရောက်တဲ့အခါ အဝင်ဝမုခ်ဦးအနီးမှာ အသင့်စောင့်နေတဲ့ကျောင်းသူကလေးကို တွေ့မြင်လိုက်ရတယ်။ သူ့ကိုတွေ့တွေ့ချင်း ဘာစကားတွေမှမပြောရသေးခင် သူ့ရဲ့ဆိုင်ကယ်နောက်ကနေလိုက်ခဲ့ပါဆိုပြီး အဆောင်တွေရှိရာကို လမ်းပြခေါ်ဆောင်သွားတဲ့အတွက် နောက်ကနေလိုက်ပါမောင်းနှင်နေရတယ်။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ထဲမှာ ပင်မဆောင်ကြီးနဲ့အတူ အခြားကျောင်းဆောင်တွေ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တွေက အများအပြားပါ။ ဒါ့ပြင် ဓမ္မာရုံလိုအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ စသဖြင့် နောက်ထပ်အဆောက်အအုံတွေလဲ အမြောက်အမြားတွေ့ရှိနေရသေးတယ်။ အဲဒီလိုစာသင်ဆောင်တွေ၊ အိပ်ဆောင်တွေ၊ အဆောင်ပေါင်းများစွာရဲ့ကြားထဲမှာ လမ်းမကျယ်ကြီးတွေ၊ လမ်းကျဉ်းလမ်းမြောင်လေးတွေနဲ့အတူ သစ်ပင်ကြီးကြီးငယ်ငယ်တွေ၊ ပန်းပင်ပန်းခြံတွေ၊ အခြားရေတွင်း၊ ရေကန်၊ မြောင်းကြီး၊ မြောင်းငယ်တွေနဲ့ ဝင်းပါထဲမှာ ကားမောင်းနေရသလိုဖြစ်နေတယ်။ ရှေ့ကလမ်းပြသာမပါရင် အလွန်မျက်စိလည်လမ်းမှားနိုင်တဲ့နေရာမျိုးပါ။

ဆိုင်ကယ်နောက်ကနေ လိုက်ပါမောင်းနှင်လာရင်း မကြာခင်မှာ ကျောင်းသူကလေးရဲ့အဆောင်ရှိရာကို ရောက်လာခဲ့တယ်။ အဆောင်ကရှည်လျားတဲ့နှစ်ထပ်အိပ်ဆောင်ကြီးဖြစ်နေသလို အရိပ်ရသစ်ပင်တွေ စိမ်းစိမ်းစိုစိုနဲ့ အေးအေးမြမြသာသာယာယာဖြစ်နေတယ်။ အဆောင်ကိုရောက်တာနဲ့ ကျောင်းသူကလေးကတော့ သူ့ရဲ့မိဘတွေနဲ့အတူ အဆောင်ပေါ်ကိုတက်သွားပြီး လေးနှစ်တာပညာသင်ကြားရင်း အဖော်ပြုသုံးစွဲခဲ့ရတဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ စာအုပ်စာတမ်းတွေ၊ အဝတ်အစားတွေနဲ့အတူ အိုးခွက်ပန်းကန်တွေထည့်ထားတဲ့ သေတ္တာတွေ၊ ပုံးကြီးပုံးငယ်တွေကို အိမ်ပြန်ယူ၊ ကားပေါ်တင်ဖို့အတွက် စီစဉ်လှုပ်ရှားအလုပ်ရှုပ်နေတော့တယ်။ မိမိက ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးနေပေမဲ့ နေပါဆရာ၊ မလုပ်ပါနဲ့ နားနားနေနေထိုင်နေပါဆိုတာကြောင့် အဆောင်ရှေ့က ဇာဒံပင်ကြီးအောက်မှာထိုင်ရင်း ကြွေကျနေတဲ့ဇာဒံသီးတွေကို လိုက်လံကောက်ယူနေလိုက်တယ်။ ပြင်ဦးလွင်မြို့မှာ ဇာဒံသီးက ရှားပါးပစ္စည်းပါ။

တကယ်တော့ ဒီကျောင်းသူကလေးက မိမိနဲ့အလွန်ရင်းနှီးချစ်ခင်တဲ့ ငယ်သူငယ်ချင်းရဲ့သမီးဖြစ်နေတာကြောင့် သူတို့အိမ်ကို ဝင်ထွက်သွားလာစားသောက်၊ တစ်ခါတစ်ရံမှာ အလည်အပတ်ခရီးတွေထွက်၊ ဘာသာရေး၊ လူမှုရေးလုပ်ငန်းတွေကို အတူတကွလုပ်ကိုင်ဆောင်ရွက်ကြရင်း မိမိရဲ့သမီးလေးအရင်းတစ်ယောက်လိုဖြစ်နေပါပြီ။

မိမိတို့ရဲ့ အခုခရီးစဉ်က ကျောင်းကြိုသက်သက်ဖြစ်ပြီး အခြားဘာကိစ္စမှရှိမနေပါဘူး။ ဒါကြောင့် စီးပွားရေးတက္ကသိုလ်ကနေ ပြန်ထွက်လာတာနဲ့ မိတ္ထီလာမြို့ကိုသွားပြီး နေ့လယ်စာထမင်းစားကြမယ်။ မိတ္ထီလာဈေးအတွင်းက ငါးပိ၊ ငါးခြောက်တွေဝယ်ကြမယ်။ အပြန်ခရီးမှာလဲ ဝမ်းတွင်းမြို့ကို ထပ်မံဝင်ရောက်ရပ်နားပြီး ချည်ထည်လေးတွေဝယ်ယူကြမယ်ဆိုပြီး စိတ်ကူးကြံရွယ်ထားကြတယ်။ ရောက်တုန်းရောက်ခိုက် စိတ်ကူးကြံရွယ်ထားတဲ့ အစီအစဉ်တွေအတိုင်း သွားရောက်လုပ်ဆောင်လိုက်ပါအုံးမယ်။

# စပိန်နိုင်ငံအရှေ့ပိုင်းတွင် မုန်တိုင်းအက်ဒမ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူဦးရေ ၂၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ



မက်ဒရစ် အောက်တိုဘာ ၂၂

စပိန်နိုင်ငံအရှေ့ပိုင်းဒေသများတွင် မုန်တိုင်းအက်ဒမ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ လူဦးရေ ၂၁၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းကြောင့် ဗလင်စီယာနှင့် အလီကန်တေးဒေသတို့တွင် ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် လမ်းများ ရေလွှမ်းခြင်း၊ မြစ်ချောင်းများ ရေကျော်ရေလျှံခြင်းနှင့် မြို့ရွာများ လျှပ်စစ်မီး ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် နေအိမ်များအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များက ရဟတ်ယာဉ်များ၊ လှေများနှင့် အခြားကယ်ဆယ်ရေးယာဉ်များအသုံးပြု၍ ကယ်ဆယ်ခဲ့ရကြောင်း၊ ဗလင်စီယာဒေသရှိ အိုလီဗာမြို့တွင် မိုးရေချိန် မီလီမီတာ ၆၀၀ ခန့်၊ အလီကန်တေးပြည်နယ်ရှိအက်ဇူဗီယာဒေသတွင် မိုးရေချိန် ၇၁၃ မီလီမီတာ၊ ပီဂိုဒေသတွင်လည်း မိုးရေချိန် ၆၃၂ မီလီမီတာထိ ရွာသွန်းခဲ့ကြောင်း စပိန်နိုင်ငံ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

စပိန်အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့၏ ယနေ့ထုတ်ပြန်ချက်အရ ဗလင်စီယာဒေသတွင် မုန်တိုင်းစတင်ဖြစ်ပွားချိန်မှစ၍ ဒေသခံဦးရေ ၂၁၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ပြီး လူဦးရေ ၅၀၀ ခန့်ကို ကယ်ဆယ်ခဲ့ရကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများတွင် အရပ်ဘက်ကာကွယ်ရေး တပ်ဖွဲ့ဝင် ၁၃၀၀ ကျော် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် လေဆင်နှာမောင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

ဝါရှင်တန် အောက်တိုဘာ ၂၂

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် အောက်တိုဘာ ၂၁ ရက်က အားကောင်းသည့် လေဆင်နှာမောင်း တိုက်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် လာမည့်ရက်ပိုင်းအတွင်း၌ အရီဇိုးနားပြည်နယ် နာဗာဂျိုကောင်တီ၊ အပါချီကောင်တီတို့တွင် လေဆင်နှာမောင်း ထပ်မံတိုက်ခတ်ရောက်လာနိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ လေပြင်းမုန်တိုင်းလည်း ဝင်ရောက်လာနိုင်သကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၅၀ နှုန်းဖြင့် တိုက်ခတ်နေသဖြင့် အန္တရာယ်ရှိသည့်အဆင့် သတ်မှတ်ထားကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။



"အောက်တိုဘာ ၂၁ ရက်က အရီဇိုးနားပြည်နယ်မှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်သွားခဲ့ပါတယ်။ လေဆင်နှာမောင်းအခြေအနေ တည်ငြိမ်သွားတာမရှိသေးဘဲ ထပ်မံရောက်လာနိုင်တဲ့ လက္ခဏာတွေ တိုင်းတာရရှိထားပါတယ်။ အထူးသဖြင့်တော့ နာဗာဂျိုကောင်တီနဲ့ အပါချီကောင်တီကို ဖြတ်သန်းတိုက်ခတ်သွားဖွယ်ရှိနေပါတယ်။ လေဆင်နှာမောင်းနဲ့အတူ မိုးသက်လေပြင်းတွေ လေပြင်းမုန်တိုင်းတွေတိုက်ခတ်နိုင်တယ်။ မိုးသည်းထန်စွာရွာသွန်းလာနိုင်တဲ့ အခြေအနေမျိုးလဲ တွေ့ရပါတယ်" ဟု အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖလက်စတက်ဖ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံ ကိုယိုရှီမြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီး မြစ်ဝှမ်းအနီးရှိ ရေလွှမ်းနေသောလမ်းများကို ယာယီပိတ်ထားရ

တိုကျို အောက်တိုဘာ ၂၂

ဂျပန်နိုင်ငံ အကီတာစီရင်စုရှိ ကိုယိုရှီမြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပြီး မြစ်ဝှမ်းအနီး လမ်းမကြီးများတွင် ရေလွှမ်းနေသည့်အတွက် လမ်းများကို ယာယီပိတ်ထားရကြောင်း အကီတာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး မြစ်ရေလျှံတက်မှုမှာ အောက်တိုဘာ ၂၁ ရက်က စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြစ်ရေလျှံတက်မှုနှင့်ပတ်သက်၍ ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ပြီး ယူရီဟွန်ဂျိုမြို့ရှိ မိုရိုကိုရှီယာတွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်နိုင်သည့် အဆင့်ဖြစ်သည်ဟု အကီတာစီရင်စုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

"ကိုယိုရှီမြစ်ဝှမ်းမှာ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းခဲ့တာကြောင့် မြစ်ရေလျှံတက်ခဲ့တာဖြစ်ပါတယ်။ မြစ်ရေလျှံတက်မှုဟာ အောက်တိုဘာ ၂၁ ရက်က စတင်ခဲ့တာဖြစ်ပြီး ဒီနေ့မှာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ရပါတယ်။ မိုရိုကိုရှီယာမှာ ဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့ အဆင့်ဖြစ်ပြီး ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းအင်အားအခြောက်အမြား စေလွှတ်ပေးထားပြီး ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ကူညီပေးနေပါတယ်"ဟု အကီတာစီရင်စုအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုကြောင့် အစားအစာပြတ်လပ်မှုနှင့်ရင်ဆိုင်နေရသော ပြည်သူများကို ရုရှားနိုင်ငံက စားနပ်ရိက္ခာပံ့ပိုးပေး

မော်စကို အောက်တိုဘာ ၂၂

ဇင်ဘာဘွေနိုင်ငံတွင် မိုးခေါင်မှုကြောင့် သောက်သုံးရေ မလုံလောက်သည့်အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများ ရှိလာသည့်အတွက် အစားအစာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့်ပြည်သူများကို ရုရှားနိုင်ငံက စားနပ်ရိက္ခာ ပံ့ပိုးပေးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံအနေဖြင့် ဇင်ဘာဘွေနိုင်ငံကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း တန်ဖိုးရှိသော စားနပ်ရိက္ခာများ ပံ့ပိုးပေးခဲ့ခြင်းအပေါ် ထောက်ခံကြိုဆိုသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ထုတ်ပြန်ခဲ့ကြောင်း၊ စားနပ်ရိက္ခာ ပြတ်လပ်မှုဖြင့် ရင်ဆိုင်နေရသည့် ဒေသများမှာ ဟွမ်ဂေး၊ အန်ကာယီနှင့် ဇဗစ်ရှာဗာနေးခရိုင်တို့ဖြစ်ပြီး ၎င်းဒေသများကို ဦးစားပေးပံ့ပိုးပေးနေကြောင်း သိရသည်။

"လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အရ စားနပ်ရိက္ခာပြတ်လပ်မှုနဲ့ ရင်ဆိုင်နေရတဲ့ ဇင်ဘာဘွေပြည်သူတွေကို စားနပ်ရိက္ခာပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ အတွက်လဲ စုပေါင်းကြိုးစားအားထုတ်မှုရဲ့ ကောင်းမွန်တဲ့ ဥပမာတစ်ရပ်အဖြစ် သတ်မှတ်နိုင်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)ရဲ့ ထိရောက်တဲ့ စီမံခန့်ခွဲမှုတစ်ရပ်အဖြစ်လို့လဲ သတ်မှတ်နိုင်ပါတယ်။ ရုရှားနိုင်ငံအနေနဲ့လဲ ဇင်ဘာဘွေနိုင်ငံကို အခြားသော ကဏ္ဍတွေမှာလဲ ကူညီဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဇင်ဘာဘွေနိုင်ငံရဲ့ အခက်အခဲတွေကို အခြားသော မဟာမိတ်နိုင်ငံတွေအနေနဲ့လဲ ကူညီဆောင်ရွက်ပေးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဇင်ဘာဘွေနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးကိုလိုက က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အီကွေဒေါ်နိုင်ငံ ရီဗန်တာဒေါ်မီးတောင်ပေါက်ကွဲမှုမှ ပြာမှုန်များ ပေ ၁၆၀၀၀ ထိ ရောက်ရှိပျံ့နှံ့နေ

ကီတို အောက်တိုဘာ ၂၂

အီကွေဒေါ်နိုင်ငံ ရီဗန်တာဒေါ်မီးတောင် အောက်တိုဘာ ၂၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါမီးတောင်ပေါက်ကွဲမှုမှ ပြာမှုန်များ ပေ ၁၆၀၀၀ ထိ ရောက်ရှိပျံ့နှံ့နေကြောင်း မီးတောင်ပြာမှုန်ဆိုင်ရာ အကြံပေးဌာနက ထုတ်ပြန်ခဲ့သည်။

အီကွေဒေါ်နိုင်ငံ ရီဗန်တာဒေါ်မီးတောင်သည် အောက်တိုဘာလ ဒုတိယပတ်ကတည်းက ပေါက်ကွဲမှုများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရီဗန်တာဒေါ်မီးတောင်သည် အီကွေဒေါ်နိုင်ငံ အင်ဒီးစ်တောင်တန်း၏ အရှေ့ဘက်ဒေသတွင် တည်ရှိသောမီးတောင်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မီးတောင်ပေါက်ကွဲမှုများကြောင့် မီးတောင်ပြာမှုန်များအပြင် ဓာတ်ငွေ့များလည်း လေထုအတွင်း ပျံ့နှံ့နေကြောင်း၊ မီးတောင်ဝန်းကျင်တွင် လေတိုက်နှုန်း အနည်းငယ်မြင့်မားနေသဖြင့် မီးတောင်ပြာမှုန်များသည် အနီးပတ်ဝန်းကျင် ဒေသများသို့ လျင်မြန်စွာ ပျံ့နှံ့နေကြောင်း၊ မီးတောင်ပြာမှုန်များကြောင့် မြင်ကွင်းများ ဝေဝါးကာ လေကြောင်းပျံသန်းမှုကို ထိခိုက်စေသည့်အပြင် မီးတောင်ပြာမှုန်များ ပျံ့နှံ့နေသောကြောင့် လေထုညစ်ညမ်းနေသဖြင့် ဒေသခံများအနေဖြင့် ပြာမှုန်များကို တိုက်ရိုက်မရှူရှိုက်မိစေရန် ပြင်ပသို့သွားပါက မက်စ်တပ်ပြီး သွားကြရန်နှင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ ကျန်းမာရေး ဘေးကင်းလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာကြရန် ဒေသအာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



# ဒဂုံ နှင့်အတူ ဂုဏ်ယူလိုက်ပါ...




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

သဘာဝအစစ်မို့ အရသာထူး စိတ်ရှင်ကြည်နူး

# ရွှေဖီဦး



ASEAN-OSHNET AWARD
Best Practices Award

Plus Vitamin C

FDA အမှတ်
စ၄/ ၁၄၀၉၁/ထလ

ပင်ရင်းအရောင်းဌာန ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာနေ စန်းယု (ဘ) ဦးကျော်ထွန်း ၉/ဝတန(နိုင်) ၁၉၁၇၄၃၏ ပတ်စ်ပို့အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-686596925

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အုန်းချောရွာ အမှတ် (၅) ရပ်ကွက်နေ သော်ဇင်(ဘ)ဦးလှိုင် ၉/တသန(နိုင်)၁၄၃၉၀၂၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-257814862

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ အမှတ်(၂)ရပ်ကွက်နေ လူရွှင်ဆုံး (ဘ) ဦးလူကြားလျော့ ၁၃/တမည(နိုင်) ဝ၀၂၈၄၆၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-256734537

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့ ဇေယျာတိုးချဲ့နယ်မြေ(၁၃)နေ အဖ ဦးစိုးသန်းနိုင် ၅/စကန(နိုင်)၁၄၆၈၁၉ အမိ ဒေါ်ငြိမ်းလွင် ၅/ခဥန(နိုင်)၀၀၀၃၂၇ တို့၏သားဖြစ်သူ ပညာမဏ္ဍိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မောင်စောညီလင်းမြတ်၏ မွေးသက္ကရာဇ်အမှန်မှာ (၃၁.၁.၂၀၁၂)ဖြစ်ပါသည်။

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## စားသောက်ဆိုင် အထွေထွေဝန်ထမ်း အလိုရှိသည်

- အမျိုးသမီး (၄) ဦး
- လစာ ၃ သိန်း
- စရိတ်ငြိမ်း၊ မန္တလေးမြို့။
- 09-403750763
- 09-663331320

## ကိတ္တိမ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်တိုက်နယ်၊ မြောက်သွေးသောက်ကျေးရွာနေ ဦးမောင်မောင်သန်း+ ဒေါ်သန်းသန်းအေးတို့၏ သမီး မကြူကြူသင်း(၉/အမရ(နိုင်)၂၁၄၅၁၆)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(**စုံစမ်းမေးမြန်းခြင်း သည်းခံပါ**)

**ဒေါ်သန်းသန်းအေး**
**(၉/အမရ(နိုင်)၀၄၅၈၆၆)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရွှေသီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို
အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ




နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများက ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော် ဌေးရွှေဝါခန်းမ၌ ကျင်းပသည်။

အဆိုပါဩဝါဒခံယူပွဲအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## ဩဝါဒအမှာစကားပြောကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများကို ဩဝါဒအမှာစကားပြောကြားစဉ်။

ရတနာပုံ ယနေ့ဖတ်စရာ

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝိစ္စရဇာတ်တော်ကြီးယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး စာမျက်နှာ - ၁၉

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပ စာမျက်နှာ - ၂၃

## မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၆ရက်မှစတင်၍ လေ့လာရေးခရီးသွားရောက်ခဲ့သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သောစစ်သည်များ ပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စာမျက်နှာ ၂၇ ကော်လံ ၁ ❖





## ၂၀၂၆ ခုနှစ် ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ မသန်စွမ်း အားကစားသမား ညီညီလင်းထက်က မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆု ထပ်မံဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၂၂

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် ငါးကြိမ်မြောက် အာရှမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ ရေကူးပြိုင်ပွဲ ပွဲစဉ်ဖြစ်သည့်အမျိုးသားမီတာ ၁၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲတွင် ထိုင်းအသင်းမှ အားကစားသမားနှစ်ဦး၊ ကိုရီးယားအသင်းမှ အားကစားသမား တစ်ဦး၊ မြန်မာအသင်းမှ စာမျက်နှာ ၂၆ ကော်လံ ၄ ◆

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

လက်ဝှေ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် လက်ဝှေ့အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် စာမျက်နှာ ၂၆ ကော်လံ ၁ ✱